# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၃၄၆) ၊ ၁၃၈၆ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့် ၊ ၁၅-၁၁-၂၀၂၄ ၊ သောကြာနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပူဇော်

နေပြည်တော် နိုဝင်ဘာ ၁၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော် ဝတ္ထုကံတော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ဗုဒ္ဓဥယျာဉ်တော် ဝတ္ထုကံတော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ပူဇော်ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၃ သို့ ✪

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် နိုဝင်ဘာ ၁၄

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

## ယနေ့ ဖတ်စရာအညွှန်း

**ဘဝတွင် တွေ့ကြုံခဲ့သမျှ အချက်အလက်များကို ဦးနှောက်၌သာမက ဆဲလ်ထဲ၌လည်း မှတ်သားထား**

စာမျက်နှာ ၇

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက် ၊ သောကြာနေ့။

မန္တလေး နေ့စဉ်

# တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့

ဗုဒ္ဓဘုရားရှင်က အဇာတသတ်မင်းအား တန်ဆောင်မုန်းလပြည့်နေ့တွင် သာမညဖလသုတ္တန်တရား ဟောကြားတော်မူသည်ကို အကြောင်းပြု၍ တန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလအခါတော်နေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ သာမညသည် ရဟန်း၊ သာမဏေပြုလုပ်ခြင်း၊ ဖလသည် အကျိုးကျေးဇူးဖြစ်သည်။ ရဟန်းသာမဏေ၏အကျိုးကျေးဇူးကို စတင်သိရသောနေ့လည်းဖြစ်သည်။

အဇာတသတ်မင်းသားသည် ဒေဝဒတ်ကို ဆရာတင်မှားကာဖခင် ဗိမ္ဗိသာရမင်းကြီးအပေါ် ကျူးလွန်ခဲ့သည့်ကြီးမားလှသည့် အပြစ်များကို တွေးတောပူပန်ပြီး နေ့စဉ်စားမဝင်အိပ်မပျော်သည့် ရောဂါဝေဒနာကို ခံစားနေရသည်။ တန်ဆောင်မုန်းလပြည့်နေ့ညတွင် မြတ်စွာဘုရားရှင်က သာမညဖလ(ရဟန်းပြုခြင်းအကျိုး)သုတ္တန်ဒေသနာကို ဟောကြားတော်မူသောအခါ အဇာတသတ်မင်း ခံစားနေရသော ရောဂါဝေဒနာများချုပ်ငြိမ်းသွားပြီး မြတ်စွာဘုရားရှင်အား အလွန်ကြည်ညိုသော၊ ဗုဒ္ဓသာသနာအား အလွန်ရိုသေသော မင်းတစ်ပါး ဖြစ်လာခဲ့သည်။

တန်ဆောင်မုန်းလသည် နေလနက္ခတ်တာရာ ကြယ်ပေါင်းစုံကို သာမန်မျက်စိနှင့် လူတိုင်းမြင်တွေ့နိုင်သည်။ တန်ဆောင်မုန်းလပြည့်ညတွင် ထွက်သောလသည် ပြည့်ပြည့်ဝဝဝိုင်းဝိုင်းစက်စက်ရှိသည်။ ကြယ်နက္ခတ်လည်းစုံလှသည်။ စန်းယှဉ် နက္ခတ်ဖြစ်သော ကြတ္တိကာနက္ခတ်ကို မြန်မာတို့က ဖျောက်ဆိပ်ကြယ်ဟုခေါ်သည်။ သာမန်မျက်စိဖြင့်ကြည့်လျှင် ရကောက်**သဏ္ဌာန်**ကြယ်ခုနစ်လုံးကို မြင်တွေ့ရပြီး မှန်ပြောင်းနှင့်ကြည့်လျှင် ၁၆၅ လုံးမြင်နိုင်ကြောင်း အဆိုအမိန့်ရှိပါသည်။

တန်ဆောင်မုန်းလတွင် ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ၊ ရိုးရာအစဉ်အလာယုံကြည်မှုများစွာရှိကြသည်။ ဘာသာရေးဆိုင်ရာ ထင်ရှားသောပွဲတော်မှာ ကထိန်ပွဲပင်ဖြစ်သည်။ "ကထိန် အာနိသင်ငါးပါးမြဲမြံခိုင်ခံ့စွာရရှိစေနိုင်သော သင်္ကန်းအလှူပွဲ" ဖြစ်သည်။

ကထိန်ခင်းသည့်အစဉ်အလာသည် ရှေးမြန်မာမင်းများလက်ထက်ကတည်းကရှိခဲ့သော အစဉ်အလာတစ်ရပ်ဖြစ်သည်။ သံဃာအားလှူဒါန်းသော ကထိန်သင်္ကန်းကို သင်္ကန်းမရှိသည့်ရဟန်းအား ဦးစားပေး ရွေးချယ်လှူဒါန်းခြင်းလည်းဖြစ်ပေသည်။ ရဟန်းအားလုံး သင်္ကန်းများပြည့်စုံလျှင် ဝါအကြီးဆုံးမထေရ်ကို ပေးလှူရသည်။ သိမ်ဝင်၍ ဉတ်ကမ္မဝါဖတ်ပြီး ကထိန်ခံထိုက်သောရဟန်းကို ပေးရသည့်အတွက် ကထိန်သင်္ကန်းကို "ဉတ်သင်္ကန်း"ဟုခေါ်သည်။

တန်ဆောင်မုန်းလပြည့်မတိုင်မီ အဖိတ်နေ့ညတွင်လည်း ကထိန်လျာသင်္ကန်းကို အစုအဖွဲ့များဖြင့် တစ်ညလုံးအပြိုင်ရက်လုပ်ကြသည့် "မသိုးသင်္ကန်းရက်ပြိုင်ပွဲ"ကိုလည်း ကျင်းပကြသည်မှာ မြန်မာလူမျိုးတို့၏ ချစ်စရာကောင်းသော ဓလေ့ထုံးတမ်းအစဉ်အလာများဖြစ်သည်။ တန်ဆောင်မုန်းလသည် ကောင်းကင်ယံ၌ နက္ခတ်တာရာတို့ စုံလင်သောလလည်းဖြစ်သည်။ လပြည့်နေ့တွင် ဆေးပင်အပေါင်းကို စောင့်ရှောက်သည့် နတ်အပေါင်းတို့သည် မယ်ဇလီပင်ရှိ နတ်သားကို လာရောက်ခစားကြရသည်ဟု မှတ်သားဖူးသည်။

ထို့ကြောင့် လပြည့်နေ့ညတွင် မယ်ဇလီဖူးကိုသုပ်စားပါက ဆေးဖက်ဝင်ပြီး ဆေးပေါင်းခသည်ဟူသော ရှေးမြန်မာတို့၏ ယုံကြည်ချက်မှာလည်း ယနေ့တိုင် စွဲကျန်နေသည်။

သို့ဖြစ်ရာ တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့တွင် ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူသော ရဟန်းပြုခြင်းအကျိုးတရားကိုနာကြားခြင်း၊ ရွတ်ဖတ်ပူဇော်ခြင်းဖြင့် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ပိုမိုယုံကြည် သဒ္ဓါသက်ဝင်ခြင်းဖြင့် ကောင်းကျိုးချမ်းသာမှုများ ရရှိနိုင်ပါစေကြောင်း ရေးသားလိုက်ရပေသည်။

## မဟာအံ့ထူးကံသာဘုရား (၂၄)ကြိမ်မြောက် မသိုးသင်္ကန်းရက်ကန်းခတ်ပူဇော်ပွဲ ကျင်းပ



**ပြင်ဦးလွင် နိုဝင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့တွင် တည်ထားကိုးကွယ်လျက်ရှိသော မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားကြီးတွင် မသိုးသင်္ကန်းရက်ကန်းခတ်ပူဇော်ပွဲကို ယနေ့ ညနေ ၆ နာရီက ဘုရားကြီးရင်ပြင်ပေါ်၌ ကျင်းပသည်။

အဆိုပါ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရား (၂၄)ကြိမ်မြောက် မသိုးသင်္ကန်းရက်ကန်းခတ်ပူဇော်ပွဲကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရက်ကန်းခတ်နေမှုအား လှည့်လည်ကြည့်ရှုကြသည်။ (ဓာတ်ပုံ)

ထို့နောက် မသိုးသင်္ကန်း ရက်ကန်းခတ်ပူဇော်ပွဲကို သုမလာ၊ သုစိတ္တာ၊ သုနန္ဒာ၊ သုဓမ္မာနှင့် သုဇိတာ စသည့် ရက်ကန်းစင်များဖြင့် မိမိတို့ရက်ကန်းစင်အလိုက်ရက်ဖောက်ရောက်ခြင်း၊ ချည်ဆက်ခြင်း၊ ရက်ကန်းခတ်ခြင်း၊ ရက်ကန်းစင်များမှ ရရှိသော သင်္ကန်းအား စက်ချုပ်ခြင်းတို့ဖြင့် မသိုးသင်္ကန်းကို အချိန်မီပြီးစီးနိုင်ရန်အတွက် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်နေကြကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ခရိုင်(ပြန်/ဆက်)

## မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ၃၅ ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော်မြတ်ကို လွှမ်းခြုံကပ်လှူပူဇော်သွားမည်



**မန္တလေး နိုဝင်ဘာ ၁၅**

မန္တလေး မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား (၃၅)ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်၍ တန်ဆောင်မုန်းလပြည့်(နိုဝင်ဘာ ၁၅ ရက်)နေ့ နံနက်ပိုင်းတွင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား မျက်နှာသစ်တော်ကပ်လှူပူဇော်ပြီးချိန်တွင် လွှမ်းခြုံကပ်လှူပူဇော်သွားမည်ဖြစ်ကြောင်း မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ထံက သိရသည်။

"ရိုးရာမပျက် နှစ်စဉ်ကျင်းပလာတာ အခု(၃၅)ကြိမ်မြောက်ရှိပါပြီ၊ ရေကြည်ပေါက်ကျေးရွာ၊ အုန်းတောကျေးရွာ၊ အင်းလေးဒေသ ရက်ကန်းပညာရှင်အဖွဲ့တွေနဲ့ ကိုးလုံးတကာစက်ချုပ်ပညာရှင်အဖွဲ့တွေကနေ ဗုဒ္ဓမြတ်စွာဘုရား၏ ဧကသီသင်္ကန်းတော်၊ သင်းပိုင်သင်္ကန်းတော်၊ တဘက်တော်တွေကို ညတွင်းချင်းအပြီး ဆောင်ရွက်ကြပါတယ်၊ ဝါခူးတာကအစ သင်္ကန်းရက်လုပ်ထွက်သည်အထိ ဆောင်ရွက်ပုံအဆင့်ဆင့်ကို ဘုရားဖူးလာသူတွေကြည့်ရှုလေ့လာနိုင်အောင်ပြသထားပါတယ်၊ ညတွင်းချင်းအပြီးဆောင်ရွက်ကြပြီး တန်ဆောင်မုန်းလပြည့်နေ့ နံနက်ပိုင်းမှာ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား လွှမ်းခြုံကပ်လှူပူဇော်သွားမှာပါ"ဟု မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမြဝင်းက ပြောသည်။

ဧကသီသင်္ကန်းတော် (ယုန်ချည် ပေါင် ၅၀) အလျား ၁၉ တောင်၊ အနံ ၁၄ တောင်(အုတ်ကွက်တော် ၅၈၉ ကွက်၊ အခန်း ၃၁ ခန်း)၊ သင်းပိုင်သင်္ကန်းတော် (ဝါချည် အချိန် ၁၅) အလျား ၈ တောင်၊ အနံ ၅ တောင်၊ တဘက်တော်(သိုးမွေးချည် ၃ ပေါင်) အလျား ၇ ပေ ၆လက်မ၊ အနံ ၃ ပေ(ဆေးအမျိုးအစား ဓာတ်ဆိုးဆေး)ရက်လုပ်ချုပ်ခြင်းများကို ဆောင်ရွက်ကြကြောင်း သိရသည်။

မသိုးမြတ်သင်္ကန်းတော်ရက်လုပ်ပူဇော်ခြင်းအား ဗုဒ္ဓမြတ်ရှင်တော်လက်ထက် ဘိက္ခုနီသာသနာတော်ခေတ်၊ မိထွေးတော် ဂေါတမီအား အကြောင်းပြု၍ ခွင့်ပြုတော်မူခဲ့သော ရှေးဟောင်းအမွေအနှစ် ကာလဒါနကို ဖော်ထုတ်ခြင်း၊ ကျေးလက်ယဉ်ကျေးမှုအနုပညာကို ပြသဖော်ထုတ်ခြင်း စသော ရည်ရွယ်ချက်များဖြင့် မသိုးမြတ်သင်္ကန်းတော်ရက်လုပ်ပူဇော်ခြင်းကို တန်ဆောင်မုန်းလဆန်း ၁၄ ရက် နံနက်ပိုင်းမှစတင်၍ရင်ပြင်တော်တွင် ရေကြည်ပေါက်ကျေးရွာ၊ အုန်းတောကျေးရွာ၊ အင်းလေးဒေသ၊ ကိုးလုံးတကာစသည့် ရက်ကန်းပညာရှင်အဖွဲ့များနှင့် ကိုးလုံးတကာစက်ချုပ်ပညာရှင်အဖွဲ့တို့က လုပ်အားဒါနပြုကာ ညတွင်းချင်းရက်လုပ်၍ တန်ဆောင်မုန်းလပြည့်နေ့ နံနက်ပိုင်းတွင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား လွှမ်းခြုံကပ်လှူပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၄)

## ရတနာပုံတက္ကသိုလ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် နေ့သင်တန်းအသီးသီးတို့၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိ



**မန္တလေး နိုဝင်ဘာ ၁၄**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘွဲ့ကြိုတန်းများ၊ ဘွဲ့လွန်တန်းများနှင့် စာကြည့်တိုက်နှင့် သုတပညာဒီပလိုမာသင်တန်း စသည့် သင်တန်းနှစ်အသီးသီးတို့၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ကျောင်းသားရေးရာဌာနတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ သင်တန်းနှစ်အသီးသီးတို့မှ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ယနေ့ (ကြာသပတေးနေ့) မှစ၍ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပိတ်ရက်မရှိ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

(ဓာတ်ပုံ) (၀၈၂)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ စိန်နားပန်မီးပုံးပျံများ လွှတ်တင်မှုကို ကြည့်ရှုအားပေးစဉ်။

**✪ ရွှေဖုံးမှ**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီး၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများကလည်း စည်ကားများပြားစွာ လာရောက်ကြည့်ရှုကြသည်။

ဦးစွာ အခမ်းအနားကို"နမော တဿ"သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က "ဇယမင်္ဂလာစာတမ်းလွှာ"ကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**မသိုးရွှေကြာသင်္ကန်းတော်များ စတင်ရက်လုပ်**

ယင်းနောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင် ဦးသန့်ဆွေက မင်္ဂလာရွှေမောင်းကို တီးခတ်၍ အချက်ပေးရာ ရက်ကန်းအဖွဲ့များက ရက်ကန်းစင်တော်များ၌ မသိုးရွှေကြာသင်္ကန်းတော်များကို စတင်ရက်လုပ်ကြသည်။ ထိုသို့ ရက်ကန်းအဖွဲ့များက ရက်ကန်းစတင်ရက်လုပ်သည်နှင့် တစ်ပြိုင်နက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များနှင့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက မြိုင်မြိုင်ဆိုင်ဆိုင်လတန်ဆောင်တိုင် တေးသီချင်းဖြင့် သီဆိုတီးမှုတ် ကပြဖျော်ဖြေကြပြီး အခမ်းအနား တက်ရောက်လာကြသူများက မီးပုံးပျံငယ်များနှင့် မိုးပျံပူဖောင်းများကို တစ်ပြိုင်တည်း လွှတ်တင်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ မသိုးရွှေကြာသင်္ကန်း ရက်လုပ်နေမှုကို ကြည့်ရှုအားပေးစဉ်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက ယိမ်းအကအလှများ၊ အိုးစည်ဒိုးပတ်များဖြင့်လည်းကောင်း၊ ပြင်ပအနုပညာရှင်များက တေးသီချင်းများဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။ **စာမျက်နှာ ၄ သို့ »»**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ ယဉ်ကျေးမှုအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

»»» စာမျက်နှာ ၃ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် ဧည့်ပရိသတ်များသည် နေပြည်တော် ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ရက်ကန်းစင်တော် ၁၅ ခုမှ ရက်ကန်းအဖွဲ့များ၏ မသိုးရွှေကြာသင်္ကန်း ရက်လုပ်နေမှုများကို ရက်ကန်းစင်တော် တစ်ခုချင်းစီအလိုက် စိတ်ဝင်တစား လှည့်လည်ကြည့်ရှုအားပေးကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် စိန်နားပန်မီးပုံးပျံများနှင့် ညမီးကျည်(ညမီးကြီး) မီးပုံးပျံများ လွှတ်တင်မှုများကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင် မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာရဟန်းရှင်လူ ပြည်သူများနှင့်အတူ ကြည့်ရှုအားပေးကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော် အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ရိုးရာယဉ်ကျေးမှု အစဉ်အလာများနှင့်အညီ ခမ်းနားထည်ဝါစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များမှ ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်း ရက်လုပ် ကပ်လှူပူဇော်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ဗုဒ္ဓဥယျာဉ် ဝင်္ကပါတော်အတွင်း LED မီးများဖြင့် အလှဆင် ပူဇော်ထားရှိခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်ခန်းများ ခင်းကျင်းပြသရောင်းချမှုနှင့်အတူ အနုပညာဦးစီးဌာနမှ ဇာတ်သဘင် ဖျော်ဖြေမှုတို့ကို ဇာတ်တော်ကြီးဖြင့်လည်းကောင်း၊ ဇာတ်မင်းသား ဖိုးချစ်အဖွဲ့က လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်သဖြင့် အများပြည်သူများ အနေဖြင့် လာရောက်ဖူးမြော် ကြည်ညိုကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာအကများဖြင့် ကပြဖျော်ဖြေစဉ်။




စိန်နားပန်မီးပုံးပျံများ လွှတ်တင်ပူဇော်မှုကို ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများက ကြည့်ရှုအားပေးစဉ်။

# မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး (၃၅)ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနား ကျင်းပ






**မန္တလေး နိုဝင်ဘာ ၁၄**

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား (၃၅)ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ခြင်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မဟာမုနိဘုရားကြီးရင်ပြင်တော် မိုးကောင်းမွှာရုံမဏ္ဍပ်တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ၎င်းတို့၏ဇနီးများ၊ မဟာမုနိဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်းနှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရင်ပြင်တော်တွင် ကျင်းပသည့် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ခြင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းပေးပြီး မသိုးမြတ်သင်္ကန်းတော်အတွက် ဗိုင်းငင်ဝါဖတ်မှစတင်ကာ ရက်ကန်းစင်တော်များဖြင့် အဆင့်ဆင့်ရက်လုပ်လှူဒါန်းပူဇော်နေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ရက်ကန်းပညာရှင်၊ စက်ချုပ်ပညာရှင်၊ လုပ်အားဒါနပြုအဖွဲ့အား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း၊ ညတွင်း ချင်းရက်လုပ်၍ တန်ဆောင်မုန်းလပြည့်နေ့ နံနက်ပိုင်းတွင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ကပ်လှူပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် နေ့သင်တန်းများ စတင်လက်ခံဆောင်ရွက်ပေးနေ

**မန္တလေး နိုဝင်ဘာ ၁၄**

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်(ပထမပညာသင်ကာလနှင့် ဒုတိယပညာသင်ကာလ)တို့၏ နေ့သင်တန်းများကို ယနေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးနေကြောင်း မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ကျောင်းသားရေးရာဌာနမှ သိရသည်။

ထိုသို့လက်ခံဆောင်ရွက်ပေးရာတွင် ၂၀၂၄-၂၀၂၅ပညာသင်နှစ် သင်တန်းနှစ် အသီးသီးတို့၏ ပထမပညာသင်ကာလနှင့် ဝိဇ္ဇာဘွဲ့ကြို တတိယနှစ်သင်တန်း၊ ဒုတိယပညာသင်ကာလတို့၏ နေ့သင်တန်းများကို ကျောင်းဝင်မှတ်ပုံတင်ခြင်းအား ဆောင်ရွက်ပေးနေပြီး နိုဝင်ဘာ ၂၁ရက်တွင် ကျောင်းများဖွင့်လှစ်သွားမည်ဖြစ်သည်။

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်သည် မြန်မာနိုင်ငံရှိ နိုင်ငံခြားဘာသာတက္ကသိုလ်နှစ်ခုအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ အချိန်ပြည့်ဘွဲ့သင်တန်းများကို သင်ကြားပေးလျက်ရှိသည့်အပြင် ဒီပလိုမာသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အင်္ဂလိပ်၊ တရုတ်၊ ဂျပန်၊ ပြင်သစ်၊ ကိုရီးယား၊ ဂျာမန်၊ ရုရှား၊ ထိုင်းဘာသာရပ်များ၊ စီးပွားရေးလုပ်ငန်းသုံး အင်္ဂလိပ်ဘာသာစကားများ(English for Business Purposes-EBP) အပြင် နိုင်ငံတကာကျောင်းသားများအတွက် မြန်မာဘာသာရပ်ကိုလည်း သင်ကြားပေးနေကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၄)**




## ပတ်ဝန်းကျင်ညစ်ညမ်းမှုအသိပညာပေး Talk Show ဆောင်ရွက်

**သရက် နိုဝင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနတို့ ပူးပေါင်းတင်ဆက်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှု အသိပညာပေး Talk Show ဆောင်ရွက်ခြင်းကို ယမန်နေ့ မွန်းလွဲ ၂နာရီက ခရိုင်ပြည်သူ့ စာကြည့်တိုက် Community Centre ခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ Talk Show တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝမ်းထွန်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ထက်နန္ဒာထွန်းတို့က ပတ်ဝန်းကျင် ညစ်ညမ်းမှု၏ အဓိပ္ပာယ်၊ ပတ်ဝန်းကျင်ညစ်ညမ်းလာမှုနှင့် ညစ်ညမ်းမှုအမျိုးအစားများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ဇော်ထက်-သရက်)**

၀-၀-၀-၀-၀



## မန္တလေးမြို့တွင် တန်ဆောင်တိုင်ကာလ စားဖိုဆောင်သီးနှံများ အရောင်းအဝယ်သွက်

**မန္တလေး နိုဝင်ဘာ ၁၄**

မန္တလေးမြို့တွင် တန်ဆောင်တိုင်ကာလ ရပ်နီးရပ်ဝေးမှ မှာယူမှုများခြင်းကြောင့် စားဖိုဆောင်သီးနှံများဖြစ်သည့် အာလူး၊ ချင်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်သီးခြောက်များ အရောင်းအဝယ်သွက်နေကြောင်း မန္တလေးခရိုင် စားဖိုဆောင်သီးနှံ ရောင်းဝယ်ဖောက်ကားသူများအသင်းထံက သိရသည်။

"လက်ရှိ မန္တလေးဈေးကွက်အတွင်း အောင်ပန်းဒေသထွက် အာလူး၊ ချင်းများ၊ မြင်းမူ၊ မုံရွာဒေသထွက် ကြက်သွန်အသစ်များ ဝင်ရောက်နေပြီး ဝယ်လိုအားများတာကြောင့် ဈေးနှုန်းအနည်းငယ်မြင့်တက်ကာ အရောင်းအဝယ်သွက်နေပါတယ်"ဟု မန္တလေးခရိုင် စားဖိုဆောင်သီးနှံ ရောင်းဝယ်ဖောက်ကားသူများအသင်း၊ အတွင်းရေးမှူး ရတနာပုံပွဲရုံပိုင်ရှင် ဒေါက်တာမျိုးမင်းက ပြောသည်။

မန္တလေးမြို့တွင် စားဖိုဆောင်သီးနှံများ လက်လီလက်ကား ဖြန့်ဖြူးရောင်းချနေသည့် ပွဲရုံပေါင်း ၁၅၀ ဝန်းကျင်ရှိကြောင်း၊ မြို့ပေါ်အပြင် ပြင်ဦးလွင်၊ တံတားဦး၊ ကျောက်ဆည်၊ မြင်းမူ၊ မိတ္ထီလာ၊ လက်ပံလှ၊ မြစ်ကြီးနားအစရှိသော ဒေသများကပါ မှာယူမှုများပြား၍ ပြီးခဲ့သည့် သီတင်းကျွတ်ကာလက စတင်ကာ အရောင်းအဝယ်သွက်လာပြီး မကြာခင်နယ်ပေါင်းစုံမှ သီးနှံအစုံထွက်ရှိတော့မည်ဖြစ်ရာ တန်ဆောင်တိုင်ကာလအပြီး အရောင်းအဝယ်ကောင်းလာလိမ့်မည်ဟု မျှော်လင့်ထားကြောင်း ဆက်လက်ပြောသည်။

လက်ရှိ မန္တလေးဈေးကွက်တွင် လက်ကားဈေးအနေဖြင့် အာလူးတစ်ပိဿာ ငွေကျပ် ၃၅၀၀ကျပ်မှ ၈၅၀၀ကျပ်ကြား၊ ချင်း တစ်ပိဿာ ငွေကျပ် ၃၀၀၀ ကျပ်မှ ၄၀၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာ ငွေကျပ် ၃၈၀၀ကျပ်မှ ၄၅၀၀ကျပ်ကြား၊ ကြက်သွန်ဖြူ တစ်ပိဿာ ငွေကျပ် ၁၀၀၀၀မှ ၁၅၀၀၀ကြား ပေါက်ဈေးများရှိပြီး ငရုတ်သီးခြောက် တစ်ပိဿာ ငွေကျပ် ၁၃၀၀၀မှ ၁၄၀၀၀ ကျပ်အတွင်း ပေါက်ဈေးရှိကြောင်း၊ အချိန်နှင့်အမျှ ဈေးနှုန်းများလည်း အပြောင်းအလဲရှိနိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

| ၂၀၂၆ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (အာရှဇုန် ခြေစစ်ပွဲ-တတိယအဆင့်) အနိုင်၊ အရှုံး NGB | | | | |
|---|---|---|---|---|
| ဩစတြေးလျ | ၀ | - | ၀ | ဆော်ဒီအာရေဗျ |
| မြောက်ကိုရီးယား | ၂ | - | ၃ | အီရန် |
| ကူဝိတ် | ၁ | - | ၃ | တောင်ကိုရီးယား |
| ဘာရိန်း | ၀ | - | ၁ | တရုတ် |

| နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ် အနိုင်၊ အရှုံး NGB | | | | |
|---|---|---|---|---|
| စင်ကာပူ | ၃ | - | ၂ | မြန်မာ |
| ဟောင်ကောင် | ၃ | - | ၁ | ဖိလစ်ပိုင် |
| ထိုင်း | ၀ | - | ၀ | လက်ဘနွန် |
| လာအို | ၁ | - | ၃ | မလေးရှား |

# ဣဋ္ဌိယမနော

လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ခန့်က အောက်အကြေဒေသ မြို့ငယ်တစ်မြို့၏ ဆင်ခြေဖုံးရပ်ကွက်တစ်ခုမှာ ဆံသဆရာ ဦးမောင်စိန်နှင့် သူ့ဇနီးသည် ဒေါ်ကျင်လှတို့ နေထိုင်ကြသည်။ သမီးနှစ်ယောက်၊ သားတစ်ယောက် ထွန်းကားသော်လည်း သူ့အိုးသူ့အိမ်နှင့် အိမ်ထောင်ခွဲများသာ။ ဦးမောင်စိန်က အသက်ခြောက်ဆယ်ခန့် အသားဖြူဖြူ ပိန်ပါးပါး။ အရပ်အမောင်းကောင်းသည်။ သူနေသောမြို့ကလေး၏ ဈေးအနောက်ဘက်တန်းမှာ ဆံသဆိုင်ကလေး ဖွင့်ထားသည်။

ဆံသဆိုင်ကလေးသို့ သူ့အချစ်တော် ရာလေး စက်ဘီးကလေးကို စီး၍သွားတတ်သည်။ ထူးခြားသည်က ဦးမောင်စိန်က ဆံသဆိုင်နှင့်အတူ စက်ကတ်ကြေးသွေးသည့်လုပ်ငန်းကို တွဲဖက်လုပ်ကိုင်သည်။ ဤမျှမကသေးပါ။ ဦးမောင်စိန်မှာ မြန်မာ့ရိုးရာပန်းချီအနုပညာကိုပါ တတ်ကျွမ်းသူဖြစ်သဖြင့် မဏ္ဍာပ်ပန်းချီရေးကာ အလှူမင်္ဂလာပွဲများသို့ လိုက်၍ မဏ္ဍာပ်ဆင်သည့်အလုပ်ကို သူ့လက်ထောက်တပည့်ကလေးနှင့်အတူ လုပ်ကိုင်သေးသည်။

ဆောင်းဦးပေါက်ပြီဆိုကတည်းက ဦးမောင်စိန်၏ မဏ္ဍာပ်ဆင်လုပ်ငန်းမှာ ဖွံ့ဖြိုးစပြုလေပြီ။ နွေကာလတိုင် အလှူမင်္ဂလာပွဲများနှင့် လက်မလည်နိုင်အောင် ရှိခဲ့သည်။

ဒေါ်ကျင်လှက အသက်ငါးဆယ်ကျော်ခန့်၊ အသားညိုညို၊ မပိန်မဝ၊ အရပ်မနိမ့်မမြင့်၊ ထူးခြားသည်က သူက နတ်ထိန်း၊ အရပ်ထဲ၊ နတ်ကြိုပွဲကလေးများနှင့် မနဲ့လေးဝင်ကာ ကလေးနာမည်ကင်ပွန်းပေးတတ်သူ၊ သူ့ခင်ပွန်း ဦးမောင်စိန်က သူ့ကို နတ်ရူးစွဲဟု သမုတ်သည်။ သမုတ်ရသည့်အကြောင်းက သည်လိုပါ။

တစ်နေ့တွင် ဒေါ်ကျင်လှက သူနတ်ကန်တော့ထားသော ကန်တော့ပွဲမှ ငှက်ပျောသီးတို့မှာ အချိန်ကြာလာသည်နှင့်အမျှ စိမ်းရာမှဝင်း၊ ဝင်းရာမှမှည့်၊ မှည့်ရာမှ မည်း၊ အမှည့်လွန်၍ အချို့မှာ အောက်ခင်းပျဉ်ပေါ်သို့ ပြုတ်ကျနေချေပြီ။

ဦးမောင်စိန်တို့အိမ်တွင် နတ်ကန်တော့ပွဲသာမက သာသနာပွဲပါ တင်သေးသည်။ ဘုရားနှင့် ပတ်သက်သော သာသနာပွဲကို ဦးမောင်စိန်က မဆေဖန်သော်လည်း နတ်ကိုမယုံကြည်သော ဦးမောင်စိန်က နတ်ပွဲတင်သည်ကို အပိုအလုပ်ဟု တွေးသည်။

ပွဲလဲရန်အတွက် ဒေါ်ကျင်လှက ဦးမောင်စိန်ကို ပိုက်ဆံတောင်းသည့်အခါ ဦးမောင်စိန်က ချက်ချင်းမပေးနိုင်၊ နောက်အပတ်ပေးပါမည်ဟု ရွှေ့သည်။ မိုးကာလ အလုပ်အကိုင် မကောင်းဟု အကြောင်းပြသည်။ ဒါကို "နောက်အပတ် နောက်အပတ်နဲ့၊ ရှင့်အပတ်က ဘယ်တော့ဆုံးမလဲ" ဟု ဒေါ်ကျင်လှက ရန်တွေ့သည်။ ဦးမောင်စိန်က-

"တော်စမ်းပါ ကျင်လှရယ်" ဟု ဆိုသော်လည်း မတော်နိုင်ဘူး "ရှင်- အရင်နှစ်က နတ်ကိုင်ခံရတာကို မေ့သွားပြီလား" ဟု ဆိုရာ ဦးမောင်စိန်သည် သူ့အချစ်တော် ရာလေး စက်ဘီးကို ထုတ်၍ ဆံသဆိုင်ကလေးသို့ သုတ်ခြေတင် နင်းလေတော့သည်။

(အရင်နှစ်က ဦးမောင်စိန် ခါးနာဝေဒနာ ခံစားရသည်ကို "နတ်ကိုင်ခံရတာ" ဟု ဒေါ်ကျင်လှက ရည်ညွှန်းပြောဆိုခြင်းဖြစ်သည်)- စကားချပ်။

သည်ကဲ့သို့ ဦးကြီးနှင့် ဒေါ်ကြီး စကားများပြီဆိုလျှင် မနေတတ်၊ မထိုင်တတ်ဖြစ်သူက မောင်လှိုင်ကလေးပါ။ မောင်လှိုင်ကလေးမှာ ဦးမောင်စိန်၏ညီ ဦးတွတ်က မွေးသော တူအရင်းဖြစ်သည်။ မောင်လှိုင်ကလေး ဦးမောင်စိန်အိမ်သို့ ရောက်လာသည့်အကြောင်းမှာ-

တစ်နေ့၌ ဦးမောင်စိန်သည် မိမိနေသော မြို့ကလေး၏ အနောက်ဘက် ဇာတိမြေ ကျွန်းကုန်းရွာသို့ အလှူမဏ္ဍာပ်ဆင်ရန်ကိစ္စနှင့် ရောက်သွားသည်။ ရွာတွင် ဦးမောင်စိန်၏ ညီအရင်း ဦးတွတ်နေထိုင်သည်။ သူက ရွာမှာပင် အိမ်ထောင်ကျ၍ မိဘလက်ငုတ်လယ်ယာလုပ်ငန်းကို ဆက်လက်လုပ်ကိုင်သည်။

ဦးမောင်စိန် ရွာရောက်စဉ် ဦးတွတ်က သူ့အခက်အခဲကို ထုတ်ဖော်တိုင်ပင်သည်။

"အစ်ကိုရေ- အစ်ကို့တူ မောင်လှိုင်ကလေး ဒီနှစ် ၈ တန်းအောင်တယ်။ တာပွန် အ·ထ·က ကလဲ မနီးမဝေး ငါးမိုင်ခန့်ဆိုတော့ ဒီကောင်နေ့တိုင်း စက်ဘီးနဲ့တက်ရင် ပင်ပန်းမယ်ထင်တယ်"

ဦးမောင်စိန်မှာ မြို့ရည်ဝ၍ ပါးနပ်သူပီပီ "ဒါများကွာ၊ အခက်အခဲလုပ်လို့ ဒီကောင်ကို ငါ့ဆီပို့လိုက်၊ နေ့တိုင်း မပင်ပန်းတော့ဘူးပေါ့"

သည်လိုနှင့် မောင်လှိုင်ကလေး ဦးမောင်စိန်အိမ်သို့ ရောက်လာခဲ့လေသည်။ ဦးမောင်စိန်မှာ ဘကြီးတော်စပ်သော်လည်း မောင်လှိုင်ကလေးက နှုတ်ကျိုးနေသဖြင့် ဦးကြီးဟု ခေါ်လေသည်။

တစ်နေ့သော နံနက်ခင်းအချိန် နံနက် ၉ နာရီခန့်။ ဒေါ်ကျင်လှ ဆံသဆိုင်သို့ စောစောရောက်လာသည်။ သည်ယနေ့ မင်္ဂလာရှိပ့ါ။ အဘယ်ကြောင့်ဆိုသော် ဦးမောင်စိန်က ပေးနေကျဈေးဖိုး ၂၅ကျပ်ကို အလိုက်သိသိ ထုတ်ပေးသောကြောင့် ဖြစ်သည်။ ခါတိုင်းဆို ဖောက်သည်မလာသေးဘူး။ ဈေးဦးမပေါက်သေးဘူး။ ဘာညာပြောကာ အချိန်နာရီဝက်တစ်နာရီကြာမှ ထုတ်ပေးတတ်သောကြောင့်ပင်။

"ဒီမှာ ကိုမောင်စိန်၊ ရှင် ဒီနေ့ မွန်းတည့်စာကို ဘယ်မှ သွားမစားနဲ့။ ရှင် အံ့သြသွားအောင် ကျွန်မ ချက်ကျွေးမယ်။ အိမ်ကို စောစောသာပြန်ခဲ့" ဟု ပြောပြောဆိုဆို ဈေးခြင်းဆွဲကာ ထသွားလေသည်။

မကြာရတာ ကာလအတန်ကြာနေပြီဖြစ်သော ဇနီးသည်၏ အကြင်နာစကား-

သည်မနက်ကျမှ ဆံပင်ညှပ်မည့်ဖောက်သည်တွေက ငါးဦးမက ရောက်လာသည်။ ဇနီးသည်၏ အကြင်နာစကားကြောင့် အားဆေးအထိုးခံရသည့်ပမာ လန်းဆန်းတက်ကြွနေသော ဦးမောင်စိန်သည် ဆံပင်ညှပ်ခြင်းအမှုကို လူငယ်တစ်ဦးကဲ့သို့ သွက်သွက်လက်လက် ပြုမူလေတော့သည်။ အလုပ်ပြီး၍ နာရီကြည့်လိုက်သောအခါ ၁၁ နာရီ ၁၅ မိနစ်ဝမ်းကလည်း ဆာလောင်ကြောင်း တဂွီဂွီမြည်ကာ သက်သေပြလေပြီ။

နေ့လယ်စာစားရန် ဦးမောင်စိန်သည် သူ့လက်စွဲတော်ရာလေး စက်ဘီးကလေးနှင့် အိမ်သို့ သွက်သွက်နင်းလာခဲ့သည်။ အိမ်ရှေ့အဝရောက်တော့ မဆလာနံ့သင်းနေသော ဟင်းနံ့ကို ရသည်။

"ကိုမောင်စိန် - ရေချိုးဦးမလား"

"မချိုးတော့ဘူး၊ ခြေလက်ပဲဆေးတော့မယ်"

ခြေလက်ဆေးပြီးနောက် ဦးမောင်စိန်သည် ထမင်းဝိုင်းသို့ ထိုင်လေသည်။ ထမင်းဝိုင်းကို ဖွင့်လိုက်သောအခါ ဦးမောင်စိန်ကြိုက်သော ကြက်သား မဆလာချက်၊ သရက်ချဉ်သုပ်၊ မှန်ရောင်ဟင်းချို၊ ငါးရံ့ခြောက်ဖုတ်၊ မြူရွက်သုပ်နှင့် ငါးပိရည်တို့စရာ အစုံ။ ထိုစဉ် ဒေါ်ကျင်လှသည် ဆွမ်းတော်တင်ရန် ဆွမ်းဇုန်းကိုင်၍ အပေါ်ထပ်တက်ရန် ပြင်ဆင်နေသည်။ အချိန်က ၁၁ နာရီ ၄၅ မိနစ်။

ခါတိုင်း ဆွမ်းတော်ကို နံနက်စောစော တစ်ကြိမ်သာ တင်တတ်သည့် ဒေါ်ကျင်လှ စရိုက်ကို သိနေသော ဦးမောင်စိန်က-

"ကျင်လှ နင်နံနက်စောစော ခါတိုင်းလို ဆွမ်းတော်မတင်ဘူးလား"

"တင်ပါ့တော်"

"ဒါဆို ခုဘာဖြစ်လို့ ထပ်တင်ရတာလဲ"

ဒီနေ့စောစောကပဲ ရှင့်ညီ ကိုတွတ်က ပေါ်ဆန်း မွှေးတစ်တင်း၊ ငါးရံ့ခြောက်သုံးပိဿာနဲ့ မြူရွက် တစ်တောင်း လူကြုံနဲ့ပို့လိုက်တယ်လေ။ အဲဒါ ကိုတွတ်လည်း ကုသိုလ်ရအောင် ဆွမ်းတော်တင်ဦးမလို့"

မောင်လှိုင်ကလေးကလည်း-

"ဟုတ်သားပဲ ဦးကြီးရဲ့ ဆွမ်းတော်နှစ်ခါတင်တော့ နှစ်ခါ ကုသိုလ်ရတယ်မဟုတ်လား"

ထိုအခါ - ဦးမောင်စိန်က -

"ကျင်လှရယ်၊ နင့်အဖြစ်က ဘုရားရှင်တောင် ပြုံးတော်မူလိမ့်မယ်" ဟု ဆိုကာ မစားရတာကြာပြီဖြစ်သော ပေါ်ဆန်းထမင်းကို မဆလာနံ့သင်းနေသော ကြက်သားဟင်းနှင့် အားပါးတရ လွေးလေတော့သတည်း။

**သန်းစိုးအောင်**

## အခြေခံပညာအထက်တန်းကျောင်းခွဲ(အိုးဘို)၌ သဘာဝဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲ ကျင်းပ



**နတ်မောက် နိုဝင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဦးစီးဌာနက သဘာဝဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်းခွဲ(အိုးဘို)၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါဟောပြောပွဲတွင် မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိက သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားဘေးများ၏ ကြိုတင်ပြင်ဆင်ရေး နည်းလမ်းများ၊ သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့လာပါက မိမိသိရှိထားသည့် အသိပညာများကို လက်တွေ့အသုံးချ အသုံးပြုကြရန်နည်းလမ်းများ၊ သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့လာပါက စည်းစည်းလုံးလုံး စုပေါင်းဝိုင်းဝန်းဆောင်ရွက်တတ်စေရေး၊ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်ပြီး သဘာဝဘေးအန္တရာယ်(၉)ဘေးရှိကြောင်း၊ မုန်တိုင်းဘေးအသိပညာပေး အကြောင်းအရာများ၊ မုန်တိုင်းနှင့်ပတ်သက်ပြီး အရောင်(၅)ရောင်ရှိကြောင်း၊ မိုးတွင်းကာလတွင် သတိထားနေထိုင်ကြရန်၊ မိုးလေဝသ သတိပေးအချက်အလက်များကို နားထောင်ကြပြီး မိသားစုဝင်များနှင့် အနီးအနားရှိပြည်သူများအား အသိပေးကြရန်၊ ဘေးအန္တရာယ်ဖြစ်လာလျှင် ဘေးကင်းလုံခြုံသည့်နေရာများသို့ ပြောင်းရွှေ့နေထိုင်ကြရန်စသည့် သဘာဝဘေးအန္တရာယ် အသိပညာပေးအကြောင်းအရာများကို ဟောပြောဆွေးနွေး ပြောကြားခဲ့သည်။

သဘာဝဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲသို့ တက်ရောက်ကြသည့် အခြေခံပညာအထက်တန်းကျောင်းခွဲ(အိုးဘို)ရှိ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား သဘာဝဘေးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။(၄၆၅)

## မိုးစပါးစံကွက် ရိတ်သိမ်းပွဲ ကျင်းပ



**မြို့သစ် နိုဝင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်၊ မင်းရပ်ကွက်၊ ကွင်းအမှတ်(၂၆၀၈-ခ)၊ ဦးပိုင်အမှတ်(၈၀)ရှိ စိုက်ပျိုးဧက ၃ဒသမ ၀၀ ဧကတွင် (YSR-1) မိုးစပါးစံကွက် ရိတ်သိမ်းပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပရာ တစ်ဧကပျမ်းမျှ အစိုအထွက်နှုန်း ၁၃၂ ဒသမ ၈၁ တင်း ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံက သိရသည်။

အဆိုပါ (YSR-1) မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးငွေဆန်း၊ မြို့သစ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းသာ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဉာဏ်မြင့်ဦးနှင့် ဝန်ထမ်းများ၊ မြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ဦးစီးမှူး ဦးရဲထွန်းဦး၊ မြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်မှုကော်မတီဝင်များက တက်ရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**သန်းဝင်းထွန်း(ပြန်ဆက်)**

*-*-*-*-*

## ဘဝတွင် တွေ့ကြုံခဲ့သမျှ အချက်အလက်များကို ဦးနှောက်၌သာမက ဆဲလ်ထဲ၌လည်း မှတ်သားထား



ဘဝတွင်တွေ့ကြုံခဲ့သမျှ တစ်ကိုယ်ရည်အချက်အလက်များကို ဦးနှောက်၌သာမက ဆဲလ်ထဲ၌လည်း မှတ်သားထားသည်ကို အမေရိကန်သုတေသီများ မကြာသေးမီက လေ့လာတွေ့ရှိခဲ့သည်။

နယူးယောက်ခ်တက္ကသိုလ် အာရုံကြောသိပ္ပံပညာဌာန၏ သုတေသနသဟာယပညာရှင် ကုခန်းဆိုင်ရာ တွဲဖက်ပါမောက္ခ ကုကွတ်ရှ်ကင်ဦးဆောင်သော အာရုံကြောသိပ္ပံပညာရှင်များ ဦးနှောက်၏ မှတ်သားမှုဖြစ်စဉ်အကြောင်း စူးစမ်းလေ့လာရာမှ ထိုသို့တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

ခန္ဓာကိုယ်အတွင်းရှိ အင်္ဂါအစိတ်အပိုင်းများနှင့်သက်ဆိုင်သော အတွေ့အကြုံအသီးသီးကို ဦးနှောက်ထဲရှိ မှတ်ဉာဏ်ဆဲလ်များကသာမက သက်ဆိုင်ရာအင်္ဂါအစိတ်အပိုင်းများနှင့်သက်ဆိုင်သော ဆဲလ်များကလည်း မှတ်သားပေးထားသည်ဟု အဆိုပါသုတေသီများ ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။ SCI

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Kim Hee Ae တို့ မိသားစုကို တောင်ကိုရီးယား ဘီလ်ဂိတ်ဟု သတ်မှတ်ခံရ



နန်းတွင်းရတနာ မင်းသမီး ကင်ဟီအေးသည် ချမ်းသာကြွယ်ဝသော ခင်ပွန်းနှင့်လက်ထပ်ထားကာ သိုသိုသိပ်သိပ် နေထိုင်ခဲ့၍ တောင်ကိုရီးယား ဘီလ်ဂိတ်ဟု ခင်ပွန်းသည်ကို သတ်မှတ်ခဲ့ကြသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကင်ဟီအေးသည် နန်းတွင်းရတနာတွင် ချန်ဂင်နှင့် ကျော်ကြားခဲ့ပြီးနောက် ၁၉၉၇ခုနှစ်တွင် အင်တာနက်ကုမ္ပဏီပိုင်ရှင် လူချမ်းသာစာရင်းဝင် လီချန်ဂျင်နှင့် လက်ထပ်ခဲ့ပြီး ဟောင်ကောင်ဆော့ဖ်ဝဲ ကုမ္ပဏီတစ်ခု တည်ထောင်ထားသည်။

ကိုရီးယားအမျိုးသားလွှတ်တော်တွင် ခြောက်လတာဝန်ထမ်းဆောင်ခဲ့သော ခင်ပွန်းလီချန်ဂျင်ကို တောင်ကိုရီးယားဘီလ်ဂိတ်ဟု သတ်မှတ်ခံရကာ၊ သား၊ သမီးနှစ်ဦးနှင့်မိသားစုသိုသိုသိပ်သိပ်နေထိုင်သူ ဖြစ်သည်။

ကင်ဟီအေးသည် အနုပညာလောကသို့ တစ်ကျော့ပြန်လည်ဝင်ရောက်ခဲ့၍ ပရိသတ်သဘောကျနေ ကြသည်။

SKY

## Kim Tae Ri နှင့် Jung Eun Chae တို့ Jeong Nyeon; The Staris is Born နှင့် လူကြိုက်များခဲ့

ရုပ်သံဇာတ်လမ်းတွဲ Jeong Nyeon; The Staris is Born တွင် အမျိုးသားဇာတ်ရုပ်မပါဘဲ ဂျောင်အွန်ချေနှင့် ကင်တေရီတို့နှစ်ဦး အဓိကပါဝင်ထားကာ လူကြိုက်များ အားပေးမှုရရှိထားသည်။

အဆိုပါ ရုပ်သံမှာ ဂီတပြဇာတ်နောက်ခံဖြစ်ရပ်မှန်ကို အခြေခံရိုက်ကူးထားပြီး ဂျောင်အွန်ချေက အမျိုးသားတစ်ဦးအသွင်ဇာတ်ရုပ်နှင့် တောရွာလေးမှ အဆိုတော်တစ်ဦးကို မွေးထုတ်ပေးခဲ့ရာ အဆို၊ အက၊ သရုပ်ဆောင်မှုများ ပြောင်မြောက်ခဲ့၍ ပရိသတ် အားပေးမှု တစ်ခဲနက် ရရှိထားသည်။

အမျိုးသမီးနှစ်ဦး၏ အားကိုးမှီခိုစရာတစ်ဦးတည်းသော ဖြစ်တည်မှုကို ပုံဖော်ထား၍ BL အမျိုးသားချင်း ချစ်မေတ္တာများ ခေတ်စားနေချိန် GL အမျိုးသမီးနှစ်ဦး၏ ချစ်ခြင်းမေတ္တာကို ပြသသော ဇာတ်ကားမဟုတ်ကြောင်း တွေ့ကြရသည်။

SKY




## Joong Archen ထိုင်းမင်းသားက BTS ၏ ရှစ်ယောက်မြောက် အဖွဲ့ဝင်ဟုဆို



ထိုင်းအနုပညာရှင် ဂျမ်အာချန်က ဖက်ရှင်ပွဲတစ်ခုသို့ တက်ရောက်ခဲ့ရာ ဆန်းသစ်သောဖက်ရှင်နှင့် ဘီတီအက်စ်၏ ရှစ်ယောက်မြောက် အဖွဲ့ဝင်ဟု အရွှန်းဖောက်ပြောကြားသွားကြောင်း ထိုင်းအတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါပွဲတွင် ဖက်ရှင်စတိုင်သစ်နှင့် ဂျမ်အာချန်က ပရိသတ်များက ဘယ်သူလဲဟုမေးသဖြင့် ဂျမ်အာချန်က ဘီတီအက်စ်၏ ရှစ်ယောက်မြောက် အဖွဲ့ဝင် (ခေါင်းဆောင်)ဟု ဖြေဆိုသွားခဲ့သည်။

ဂျမ်အာချန်မှာ ဘီတီအက်စ်၏ အမာခံပရိသတ်တစ်ဦးဖြစ်ပြီး အထူးသဖြင့် အဖွဲ့ဝင် ဗွီ(ခေါ်) ကင်ထယ်ယောင်းကို ကြိုက်နှစ်သက်သူဖြစ်၍ ပရိသတ်များကို ဤသို့ ဖြေဆိုခဲ့ခြင်း ဖြစ်သည်။

SKY

## G Dragon ကိုးနှစ်ကြာမှ MAMA အနုပညာပွဲတွင် မြင်တွေ့ရ

ကိုရီးယားသတင်းမီဒီယာများ၏ တခမ်းတနား အပြိုင်အဆိုင်ဖော်ပြချက်အရ အနားယူနေသော နဂါး ဂျီဒရယ်ဂွန်(ခေါ်)ကွမ်ဂျီယောင်းက ကိုးနှစ်ကြာမှ MAMA အနုပညာပွဲသို့ တက်ရောက်မည့် သတင်းမှာ ပရိသတ်ကြားရေပန်းစားနေသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျီဒရယ်ဂွန်၏ အရှိန်အဝါမှာ နှစ်များစွာကြာသည့်တိုင် မှေးမှိန်သွားခြင်းမရှိဘဲ သူ၏ဂီတအပေါ် ကြိုးစားမှုမှာ ကမ္ဘာကြီးက မျှော်လင့်ထားသည်ထက်ပိုမိုကျော်လွန်၍ ပြန်လာနေကြပြီဖြစ်၍ စောင့်မျှော်နေသည်ဟု ELLE Korea မဂ္ဂဇင်း က ဖော်ပြထားသည်။

ဂျီဒရယ်ဂွန်၏သတင်း နာမည်ကြီးရခြင်းနှင့် ပတ်သက်၍ ဂုဏ်ပုဒ်များစွာကို ပိုင်ဆိုင်ထားသူအဖြစ် Ize ကဖော်ပြထားပြီး၊ နေရာများစွာတွင် ပထမနေရာယူထားသူဖြစ်ကာ ခေတ်ရေစီးကြောင်းမဟုတ်သည့် ဖြစ်ရပ်ဆန်းကို ဖန်တီးသူဖြစ်ကြောင်း Sports Today က ရေးသားထားကာ ကိုရီးယားတွင်သာမက တရုတ်မြေထိ အရှိန်အဟုန် ပြင်းထန်သူဟု ထပ်မံဖော်ပြထားသည်။

SKY



## Wang Yi Bo က Arena Of Youth ရသစုံရှိုးတွင် ပါဝင်

တရုတ်ရသစုံအစီအစဉ်တစ်ခုဖြစ်သည့် Arena Of Youth ကို တန်ဆက်နှင့်ယူကူမှ အောက်တိုဘာလတွင် ထုတ်လွှင့်ခဲ့ရာ ဝမ်ရိဘိုပါဝင်ထား၍ ပရိသတ်စိတ်ဝင်စားနေကြသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရသစုံရှိုးတွင် ဝမ်ရိဘိုပါဝင်ပြီး တရုတ်ဂီတအဖွဲ့ Name, Boyhord နှင့် Loong 9 ဂီတအဖွဲ့များကို မေးမြန်းမှု ပြုလုပ်မည် ဖြစ်သည်။

ယွဲ့ဟာ အင်တာတိန်းမင့်လည်းပတ်ပုံ၊ ကုမ္ပဏီဝန်ထမ်းများ၊ အနုပညာရှင်များ ပွဲဦးထွက်ရရန် ကြိုးစားခဲ့ရပုံများကို တင်ဆက်ပြသမည်ဖြစ်ပြီး ဝမ်ရိဘိုက စံပြစီနီယာတစ်ဦးအဖြစ် သူ၏အတွေ့အကြုံများကိုလည်း မျှဝေပေးထားသည်။

နယ်ပယ်တိုင်းတွင် ဘက်စုံထူးချွန်ကျွမ်းကျင်သည့် ဝမ်ရိဘိုနှင့် မျိုးဆက်သစ်ဂီတအဖွဲ့တို့တွေ့ဆုံကြမည်ဖြစ်၍ ပရိသတ် စိတ်ဝင်စားမှုရရှိထားသည်။

SKY



## Zhao Lusi ၏ The Story Of Pearl Girl ပရိုမိုးရှင်း တိုးမြှင့်ထား

တရုတ်အနုပညာရှင် ကြယ်တစ်ပွင့်ဖြစ်သည့် ကျန်းလူဆီနှင့် လျူယူနိုင်တို့ ပါဝင်ထားသည့် The Story Of Pearl Girl ဇာတ်လမ်းအတွက် ရင်းနှီးမြှုပ်နှံသူများနှစ်သက်ကြသဖြင့် ပရိုမိုးရှင်း တိုးမြှင့်ထားသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်လမ်းအတွက် ရင်းနှီးမြှုပ်နှံမည့်သူများ နှစ်သက်သဘောကျမှု ရရှိထား၍ Promotion Level ကို S++ ထိ တိုးမြှင့်သတ်မှတ်လိုက်သည်ဟု ထုတ်လုပ်ရေးတာဝန်ခံက ပြောကြားထားသည်။



လက်ရှိတရုတ်အနုပညာလောကတွင် တောက်ပသောကြယ်တစ်ပွင့် ဖြစ်နေသည့် ကျန်းလူဆီကို အောက်တိုဘာလတွင် ကျင်းပခဲ့သည့် Vogue Even တွင်လည်း ဝမ်ရိဘို၊ ယောင်မီ၊ လျူရှီရှီး၊ ဝေါင်ဂျွန်၊ ဝမ်ဟီဒီ၊ ဝမ်ရှင်ယွဲ့၊ ကျန်းရီယမ် စသည့် နာမည်ကြီး အနုပညာရှင်များနှင့် အတူ တွေ့ကြရသည်။ SKY

# ဒေါ်နယ်လ်ထရမ့်နှင့် ဂျိုးဘိုင်ဒင်တို့ နှစ်ဦးတွေ့ဆုံ သမ္မတရာထူးအာဏာလွှဲပြောင်းရေးကိစ္စ ပြောဆို



**ဝါရှင်တန် နိုဝင်ဘာ ၁၄**

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တော် သမ္မတအိမ်ဖြူတော် ဘဲဥပုံခန်းမတွင် ၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲ အနိုင်ရထားသူ ဒေါ်နယ်လ်ထရမ့်နှင့် အာဏာရသမ္မတ ဂျိုးဘိုင်ဒင်တို့ နှစ်ဦး နိုဝင်ဘာ ၁၃ ရက်တွင် တွေ့ဆုံခဲ့ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

၎င်းတို့နှစ်ဦး ထိုသို့တွေ့ဆုံစဉ် သမ္မတရာထူးအာဏာလွှဲပြောင်းရေးကိစ္စနှင့် ပတ်သက်၍ အဓိကပြောဆိုခဲ့ကြသည်။

ထို့ပြင် မျက်မှောက်ပြည်တွင်းရေးရာ၊ နိုင်ငံခြားရေးမူဝါဒ၊ ဥရောပ၊ အာရှနှင့် အရှေ့အလယ်ပိုင်းအရေးများအကြောင်းကိုလည်း ၎င်းတို့နှစ်ဦး ထည့်သွင်းပြောဆို အမြင်ချင်းဖလှယ်ခဲ့ကြသည်။

၎င်းတို့နှစ်ဦး တွေ့ဆုံပြောဆိုပြီးနောက် ခန်းမအတွင်း စောင့်ဆိုင်းသတင်းယူနေသော သတင်းထောက်များကို နှုတ်ဆက်ခဲ့ကြသည်။

ဒေါ်နယ်ထရမ့် ရွေးကောက်ပွဲ ရှုံးနိမ့်ခဲ့စဉ်ကမူ ရွေးကောက်ပွဲနိုင်ခဲ့သော ဂျိုးဘိုင်ဒင်ကို ထိုသို့လက်ခံတွေ့ဆုံခြင်းမရှိရုံသာမက ကျမ်းသစ္စာ ကျိန်ဆိုပွဲသို့ တက်ရောက်ရန်လည်း ပျက်ကွက်ခဲ့ကြောင်း သိရသည်။

**Mon**



# တောင်ဒါကိုတာ ဆီးနိတ်လွှတ်တော်အမတ် ဂျွန်သွန်းကို ဆီးနိတ်လွှတ်တော်အများစု ခေါင်းဆောင်တင်မြှောက်

**ဝါရှင်တန် နိုဝင်ဘာ ၁၄**

တောင်ဒါကိုတာ ဆီးနိတ်လွှတ်တော်အမတ် ဂျွန်သွန်းကို အမေရိကန်ဆီးနိတ်လွှတ်တော် အများစုခေါင်းဆောင်အဖြစ် နိုဝင်ဘာ ၁၃ ရက်က တင်မြှောက်လိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

နုတ်ထွက်သွားသော ဆီးနိတ်လွှတ်တော်အများစုခေါင်းဆောင် မစ်ချ်မက်ကွန်နဲလ်၏ နေရာတွင် ခန့်အပ်ရမည့်သူကို ရွေးကောက်တင်မြှောက်ရာတွင် တက္ကဆက်ဆီးနိတ်လွှတ်တော်အမတ် ဂျွန်ကော်ရင်ကို ဂျွန်သွန်းက အနိုင်ရခဲ့ခြင်း ဖြစ်သည်။

အသက် ၆၃ နှစ်အရွယ် ဂျွန်သွန်းသည် ရီပတ်ဘလီကန် ဆီးနိတ်အမတ်အများစုနှင့် အကျွမ်းတဝင်ရှိသူဖြစ်ကြောင်း သိရသည်။

**Mon**




**အင်ဒိုနီးရှားနိုင်ငံ ဆီတူဘွန်ဒိုကျွန်း ဘာလူရန်ကမ်းခြေတွင် ကေရစ်ဂူမယ်ရာဟု အမည်ပေးထားသော အင်ဒိုနီးရှားမရိန်းတပ်ဖွဲ့များနှင့် ဩစတြေးလျကာကွယ်ရေးတပ်ဖွဲ့ဝင်များ ပူးတွဲစစ်ဆင်ရေးပြုလုပ်နေသည်ကို နိုဝင်ဘာ ၁၃ ရက်က တွေ့ရစဉ်။**

**Mon**




# ပြည်တွင်းနိုင်ငံရေးတွင် ဝင်ရောက်မစွက်ဖက်ရန် အီတလီသမ္မတက အီလွန်မတ်စ်ကို ပြောကြား



**ရောမ နိုဝင်ဘာ ၁၄**

ပြည်တွင်းနိုင်ငံရေးတွင် ဝင်ရောက်မစွက်ဖက်ရန် အီတလီသမ္မတ ဆာဂျီယိုမတ်တာရယ်လာက အီလွန်မတ်စ်ကို နိုဝင်ဘာ ၁၃ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လူဝင်မှုကြီးကြပ်ရေးကိစ္စ ကြပ်မတ်ဆောင်ရွက်ရမည်ကို အီတလီတရားသူကြီးများက ကဖျက်ယဖျက်လုပ်နေသည်ဟု အီလွန်မတ်စ်က နိုဝင်ဘာ ၁၂ ရက်တွင် အိတ်ခ်စ်လူမှုကွန်ရက်၌ ရေးသားလွှင့်တင်ခဲ့သဖြင့် အီတလီသမ္မတက အီလွန်မတ်စ်ကို ပိတ်ပင်သည့်စကားပြောကြားခဲ့ခြင်းဖြစ်သည်။

အီတလီနိုင်ငံအနေဖြင့် မိမိတို့ပြည်တွင်းရေးကိစ္စ မိမိတို့ မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို သိရှိသည်ဟုလည်း သမ္မတ ဆာဂျီယိုမတ်တာရယ်လာက ထည့်သွင်းပြောကြားခဲ့သည်။

အီလွန်မတ်စ်သည် အီတလီအမျိုးသမီးဝန်ကြီးချုပ် ဂျော်ဂျီယာမယ်လိုနီ၏ မိတ်ရင်းဆွေရင်းတစ်ဦးဖြစ်ကြောင်း သိရသည်။

**Mon**



# ပန်းချီကျော် ရန်းဘရန့်၏ ညကင်းပန်းချီကားကို ရစ်ဂျ်ပြတိုက်တွင် ပြုပြင်ထိန်းသိမ်းလျက်ရှိ

**အမ်စတာဒမ် နိုဝင်ဘာ ၁၄**

၁၇ ရာစု ပန်းချီကျော် ရန်းဘရန့်၏ ညကင်းပန်းချီကားကို နယ်သာလန်နိုင်ငံရှိ ရစ်ဂျ်ပြတိုက်တွင် ပြုပြင်ထိန်းသိမ်းလျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လုပ်ငန်းစဉ်စတယ်ဆိုရင်ပဲ ခြောက်ခြားနေရတယ်ဟု အဆိုပါပြတိုက်၏ ညွှန်ကြားရေးမှူးချုပ် တာကိုဒစ်ဘစ်က ထုတ်ဖော်ပြောကြားသည်။

၁၉၇၅–၇၆ ခုနှစ်က ပြုပြင်မွမ်းမံခဲ့သော ဆေးအလွှာချပ်နှင့် ဝွမ်းစများကို ဖယ်ရှားပြီးနောက် ထိုပန်းချီကား၏ မူလအနှစ်သာရကို ထိန်းနိုင်ပါ့မလား၊ ဘာဆက်ဖြစ်လာမလဲဟု တွေးတောကာ ခြောက်ခြားနေမိခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

၁၆၄၂ ခုနှစ်က ဒတ်ချ်ပန်းချီကျော် ရန်းဘရန့် ရေးဆွဲခဲ့သော ညကင်းပန်းချီကားထဲတွင် စစ်သည်များ ညကင်းလှည့်ရန် အနက်ရောင်ဝတ်ဆင်ထားသော ဗိုလ်ကြီးတစ်ဦးက ဒုတိယဗိုလ်ကို အမိန့်ပေးနေသော သရုပ်သကန်ပီပြင်လှသည်ဟု ရှေးခေတ်ပန်းချီဝေဖန်ရေးဆရာများ ချီးကျူးခဲ့ဖူးကြောင်း သိရသည်။

**Mon**

0-0-0-0-0

# သုံးညအိပ် အထူးဇိမ်ခံမီးရထားခရီးစဉ် အင်္ဂလန်နှင့် ဝေလနယ်အကြား ပြေးဆွဲမည်



**လန်ဒန် နိုဝင်ဘာ ၁၄**

သုံးညအိပ် အထူးဇိမ်ခံမီးရထားခရီးစဉ်ကို အင်္ဂလန်နှင့် ဝေလနယ်အကြား လာမည့် ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် စတင်ပြေးဆွဲမည်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အထူးဇိမ်ခံအိပ်ခန်းတွဲ ၁၈ တွဲပါဝင်ပြီး ထိုတွဲများအနက် သုံးတွဲမှာ အကောင်းဆုံးဖြစ်မည်ဟု ဆိုသည်။

စားသောက်ဖွယ်ရာနှင့် ထိပ်တန်းအဖျော်ယမကာများ ခရီးစဉ်တစ်လျှောက် သုံးဆောင်ခွင့်ရမည့် ထိုဇိမ်ခံမီးရထားစီးရန် ဒေါ်လာ ၁၄၁၀၃ ခန့် ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

**Mon**

# ဘရာဇီးတရားရုံးချုပ်အနီး ပေါက်ကွဲမှု နှစ်မှုဖြစ်ပွား၊ လူတစ်ဦး သေဆုံးပြီးနောက် စုံစမ်းစစ်ဆေးနေ

**ဘရာစီးလီးယား နိုဝင်ဘာ ၁၄**

ဘရာဇီးနိုင်ငံ ဘရာဇီးလီးယားမြို့တော်ရှိ တရားရုံးချုပ်အနီး နိုဝင်ဘာ ၁၃ ရက်ညဦးပိုင်းက ပေါက်ကွဲမှု နှစ်မှုဖြစ်ပွားရာ လူတစ်ဦး သေဆုံးကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အခင်းဖြစ်နေရာအနီးရှိ တရားရုံးချုပ်တံခါးမကြီးကို လူတစ်ဦး တွန်းဖွင့်ပြီးဝင်ရန် ကြိုးစားနေချိန်တွင် ရုံးရှေ့၌ ရပ်ထားသော ကားပေါ်မှ ပေါက်ကွဲမှုဖြစ်ပွားကာ ထိုလူ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဆေလီနာလီယာရိုက ထုတ်ဖော်ပြောကြားသည်။

ယင်းဗုံးပေါက်ကွဲမှု နှစ်မှုဖြစ်ပွားပြီးနောက် သက်ဆိုင်ရာရဲတပ်ဖွဲ့က အမှုမှန်ပေါ်ပေါက်ရေးအတွက် ဆက်လက်စုံစမ်းစစ်ဆေးနေသည်။

အခင်းဖြစ်ပွားကြောင်း သိလျှင်သိချင်းပင် တရားရုံးချုပ်မှ တရားသူကြီးချုပ် လွစ်ရိုဘာတိုဘာရိုဆိုက ဘရာဇီးသမ္မတထံသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြီး အသိပေးခဲ့သည်။

ကမ္ဘာ့နိုင်ငံပေါင်း ၄၀နှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း ၁၅ ခုတို့မှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်မည့် ဂျီ ၂၀ ထိပ်သီးညီလာခံ ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ မကျင်းပမီ ယင်းပေါက်ကွဲမှု နှစ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**



## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**ဂန့်ဂေါ နိုဝင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့တွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီတွင် အခြေခံပညာအထက်တန်းကျောင်း(မြို့မ)၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်း(မြို့မ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နီဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သူဇာဝင်းက ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် ဗလငါးတန်နှင့် ပြည့်စုံသော လူတော်လူကောင်းများ ပေါ်ထွန်းလာစေရန်အတွက် ကျောင်းစာအပြင် ပြင်ပဗဟုသုတရရှိစေမည့် စာအုပ်စာပေများကိုပါ လေ့လာဖတ်ရှုမှတ်သားရန် လိုအပ်ကြောင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဟောပြောပွဲ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ မူးယစ်ဆေးစွဲသူများ၏ လက္ခဏာများ၊ မူးယစ်ဆေးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲရောဂါများ၊ မူးယစ်အစ ဆေးလိပ်က ဆိုသည့် ဆောင်ပုဒ်အတိုင်း ဆေးလိပ်သောက်ခြင်း၏ ဆိုးကျိုးအန္တရာယ်များနှင့် မူးယစ်ဆေးမသုံးစွဲမိစေရန် ရှောင်ကြဉ်ရမည့် အချက်များကို အသိပညာပေး ဆွေးနွေးဟောပြောခဲ့သည်။



ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်(၅၀)စောင်ကို ဖြန့်ဝေခဲ့ကြပြီး မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်သည့် အသိပညာပေး နံရံကပ်စာစောင်နှင့် မှတ်တမ်းဓာတ်ပုံများကို ပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀

## ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် မီးခိုးမြူငွေ့လျော့ချရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကျိုင်းတုံ နိုဝင်ဘာ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံ-မိုင်းဆတ် သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် မီးခိုးမြူငွေ့လျော့ချရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၁ ရက်က ကျိုင်းတုံမြို့ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

ဟောပြောပွဲတွင် ကျိုင်းတုံ-မိုင်းဆတ်ခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက ရာသီဥတုပြောင်းလဲခြင်းကြောင့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာခြင်းအကြောင်း၊ ရာသီဥတုပြောင်းလဲခြင်းအား လျော့ချရမည့်နည်းလမ်းများနှင့်သစ်ပင်စိုက်ပျိုး၊ ပြုစုထိန်းသိမ်းခြင်းဖြင့် ရာသီဥတုကောင်းမွန်လာစေခြင်းစသည့် အကြောင်းအရာများကိုလည်းကောင်း၊ တာချီလိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစိုင်းဝေယံထွန်းက တောမီးလောင်ကျွမ်းမှုနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျော့ချရေး အကြောင်းနှင့် ရေချိုများ ရှားပါးလာမှု အကြောင်းအရာများကို လည်းကောင်း ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




## သာစည်မြို့နယ်တွင် အလုပ်ခွင်ထိခိုက်မှုကြောင့် သေဆုံးသူအတွက် ကျန်ရစ်သူငွေလုံးငွေရင်းအကျိုးခံစားခွင့် ထုတ်ပေး

**မန္တလေး နိုဝင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်လူမှုဖူလုံရေးအဖွဲ့ရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော မြန်မာ့မီးရထား၊ တိုင်းအမှတ်(၄)၊ ကလောဘူတာမှ အာမခံ အလုပ်သမား အလုပ်ခွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူငွေလုံးငွေရင်းအကျိုးခံစားခွင့် ထုတ်ပေးခြင်းအခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက အမှတ်(၂)ရပ်ကွက် သာစည်စက်ခေါင်းရုံရှိ ဓမ္မရက္ခိတာ ဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအကြောင်းသိကောင်းစရာများဖြစ်သည့် မကျန်းမာမှုအတွက် ဆေးကုသမှု ခံယူခွင့်နှင့်ငွေကြေးအကျိုးခံစားခွင့်၊ ကိုယ်ဝန်ဆောင်မှု မီးဖွားမှုအတွက် ဆေးကုသမှု ငွေကြေးအကျိုးခံစားခွင့်နှင့် မီးဖွားစရိတ်၊ အာမခံအလုပ်သမား သေဆုံးမှုအတွက် နာရေးစရိတ်ခံစားခွင့်၊ အလုပ်တွင်ထိခိုက်မှုကြောင့် ယာယီမသန်စွမ်းမှု၊ အမြဲတမ်းမသန်စွမ်းမှုနှင့် ကျန်ရစ်သူငွေလုံးငွေရင်းအကျိုးခံစားခွင့်စသည် အာမခံအလုပ်သမားများ ခံစားရမည့်အကျိုးခံစားခွင့်များကို အကျယ်တစ်ဝင့် ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး တိုင်းဒေသကြီးတာဝန်ခံအရာရှိက မြန်မာ့မီးရထား၊ တိုင်းအမှတ်(၄)၊ ကလောဘူတာမှ အာမခံအလုပ်သမားဦးနိုင်ဝင်း၏ အလုပ်ခွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူ ငွေလုံးငွေရင်းအကျိုးခံစားခွင့်ငွေကျပ် ၇၂ သိန်းတိတိကို သေဆုံးသူ၏ ဖခင် ဦးဝင်းငွေထံ လက်ဝယ်အရောက်ပေးအပ်ခဲ့သည်။ ထို့နောက် အကျိုးခံစားခွင့်ရရှိသူ၏ကိုယ်စား မြန်မာ့မီးရထား၊တိုင်းအမှတ်(၄) သာစည်စက်ခေါင်းရုံမှ လက်ထောက်အင်ဂျင်နီယာဦးဝင်းနိုင်က ကျေးဇူးတင်စကားပြောကြားသည်။

အကျိုးခံစားခွင့်ထုတ်ပေးပွဲ သို့ မြန်မာ့မီးရထား၊ တိုင်းအမှတ် (၄) ကလောနှင့် သာစည်မီးရထား မှ တာဝန်ရှိသူများ၊ မြို့နယ်လူမှုဖူလုံရေးအဖွဲ့ရုံးမှ ဦးစီးအရာရှိ ဒေါ်ဂျိုတီးနှင့်ဝန်ထမ်းများ၊ ဆေးခန်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၇)

## အကျဉ်းသူများကို အကြောင်းမဲ့ တိုက်ပိတ်ထားသည်ဟု မဟုတ်မမှန် လုပ်ကြံသတင်းရေးသားဖြန့်ဝေ

**နေပြည်တော် နိုဝင်ဘာ ၁၄**

သာယာဝတီ ဗဟိုအကျဉ်းထောင်တွင် အင်းစိန်ထောင်နှင့် အိုးဘိုထောင်မှ ပြောင်းလာသည့် နိုင်ငံရေးအကျဉ်းသူ ၁၅ ဦးခန့်ကို နှစ်နှစ်နီးပါးကြာ အကြောင်းမဲ့တိုက်ပိတ်ထားသည်ဟု Khit Thit Media အမည်ခံ Facebook Page က နိုဝင်ဘာ ၁၁ ရက်တွင် မဟုတ်မမှန်လုပ်ကြံသတင်းရေးသားဖြန့်ဝေခဲ့သည်ကိုတွေ့ရသည်။

ဖြစ်စဉ်အားစိစစ်ရာ သာယာဝတီ ဗဟိုအကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသား၊ အကျဉ်းသူဟူ၍မရှိဘဲ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသူများသာရှိပြီး အကျဉ်းထောင်တွင်သာယာဝတီခရိုင်အတွင်းမှ ပြစ်ဒဏ်ကျခံသူ အကျဉ်းသားအကျဉ်းသူ နည်းပါးပြီး လူဦးရေကျပ်တည်းသည့် အကျဉ်းထောင်များမှ အကျဉ်းသား အကျဉ်းသူများ၊ အခြားထောင်များမှ စည်းကမ်းပျက် အကျဉ်းသား အကျဉ်းသူများကို လက်ခံထိန်းသိမ်းထားရှိမှုများရှိကြောင်း။

သာယာဝတီ ဗဟိုအကျဉ်းထောင်၏ တိုက်အမှတ်(၅)၌ စည်းကမ်းပျက်ထောင်ပြောင်းလာသည့် အကျဉ်းသူ ခုနစ်ဦးရှိပြီး ကျိုက်မရောဗဟိုထောင်မှ နှစ်ဦး၊ အင်းစိန်ဗဟိုထောင်မှ နှစ်ဦး၊ ဘားအံထောင်မှ တစ်ဦး၊ မန္တလေးဗဟိုအကျဉ်းထောင်မှ တစ်ဦး၊ သာယာဝတီဗဟိုအကျဉ်းထောင်မှ တစ်ဦး ဖြစ်ကြောင်း။

**ရပိုင်ခွင့်များ အပြည့်အဝရှိ**

ထို့အတူ တိုက်အမှတ်(၈)၌ စည်းကမ်းပျက်ထောင်ပြောင်းများဖြစ်သည့် မန္တလေး ဗဟိုအကျဉ်းထောင်မှ ၁၃ ဦး၊ အင်းစိန်ဗဟိုထောင်မှ နှစ်ဦး၊ ပြည်အကျဉ်းထောင်မှ နှစ်ဦး၊ သာယာဝတီ ဗဟိုအကျဉ်းထောင်မှ တစ်ဦး စုစုပေါင်း အကျဉ်းသူ ၁၈ ဦး ရှိကြောင်း၊ ယင်းအကျဉ်းသူများသည် တိုက်ပိတ်ပြစ်ဒဏ်ကျခံနေရခြင်းမရှိဘဲ လုံခြုံရေးအရ သီးခြားခွဲထားသည့် အကျဉ်းသူများသာဖြစ်ပြီး အိပ်ဆောင်ရှိ အကျဉ်းသူများကဲ့သို့ ရပိုင်ခွင့်များ အပြည့်အဝရှိကြောင်း။

တိုက်နှစ်ခုလုံး၏ တာဝန်ခံ ဒုတိယကြီးကြပ်ရေးမှူးသည် ယင်းအကျဉ်းသူများ၏ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စည်းကမ်းထိန်းသိမ်းရေးနှင့် ကျန်းမာရေးကိစ္စရပ်များကို အနီးကပ်ကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိပြီး ယင်းအကျဉ်းသူများသည် အခြားအကျဉ်းသူများနှင့် ရောနှောထားရှိပါက အကျဉ်းထောင်စည်းကမ်းများကို ဖောက်ဖျက်နိုင်သည်ကို စိစစ်တွေ့ရှိရသဖြင့် သီးခြားခွဲ၍ ထိန်းသိမ်းထားရှိခြင်းသာဖြစ်ကြောင်း သိရသည်။

ထို့ပြင် သာယာဝတီဗဟိုအကျဉ်းထောင်သည် လယ်ယာမြေများ၏ အလယ်တွင် တည်ဆောက်ထားသဖြင့် မိုးရာသီတွင် အကျဉ်းထောင်အတွင်းသို့ မြွေများ၊ ကင်းများ၊ ကင်းမြီးကောက်များ ဝင်ရောက်လေ့ရှိသဖြင့် အမျိုးသားဝန်ထမ်းများက ဝင်ရောက်ရှင်းလင်းရာတွင် အကျဉ်းသူများကို အိပ်ဆောင်သို့မဟုတ် တိုက်ခန်းများအတွင်းသို့ ဝင်ရောက်စေပြီးမှသာ အမျိုးသားဝန်ထမ်းများအား ဝင်ရောက်ရှင်းလင်းစေသည့်အတွက် အခန်းတွင်း ဝင်ရောက်ရိုက်နှက် အပြစ်ပေးခြင်းများ၊ ကြိမ်းမောင်းဆဲဆိုခြင်းများ မရှိသည့်အတွက် Khit Thit Media အမည်ခံ Facebook Page ၏ ဖော်ပြမှုသည် အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ် လုပ်ငန်းများကို ထင်ယောင်ထင်မှားဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် လုပ်ကြံသတင်းဖော်ပြခြင်းသာ ဖြစ်သည်။

မိုးမိုး

## ယူအေအီးနိုင်ငံ ဖူဂျဲရာပြည်နယ်အတွင်း နေအိမ်တစ်အိမ်၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်



**ရန်ကုန် နိုဝင်ဘာ ၁၄**

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့် အနေဖြင့်မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာကောင်စစ်ဝန်ရုံးနှင့် မြန်မာသံရုံးတို့သည် သက်ဆိုင်ရာသံရုံးများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံးအေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယူအေအီးနိုင်ငံ ဖူဂျဲရာ့ပြည်နယ် (Fujairah)အတွင်း နေအိမ်တစ်အိမ်၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသူ မဇင်မျိုးသူအား အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာကောင်စစ်ဝန်ရုံးအနေဖြင့် ယူအေအီးနိုင်ငံရှိ လူဝင်မှုကြီးကြပ်ရေးဌာန၊ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းရုံးချုပ်အပါအဝင် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြန်လည်ထွက်ခွာခွင့် Out Pass ရရှိခဲ့၍ နိုဝင်ဘာ ၁၃ ရက်၌ ဒူဘိုင်း-ရန်ကုန် ခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ည ၉ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိခဲ့သည်။

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲ ကြုံတွေ့ခဲ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့မှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ ဒုက္ခနှင့်ကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးသည့်အတွက် အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံး တို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

သတင်း - ကျော်ကြီး

ဓာတ်ပုံ - သီဟ

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ရန်အောင်မြေရပ်ကွက်ရှိ First Rate Mobile ဖုန်းဆိုင်အား သေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်လုယက်မှုကျူးလွန်သူ တရားခံအမျိုးသားလေးဦးအား သက်သေခံပစ္စည်းများ၊ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် လက်နက်ခဲယမ်းများနှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ရန်အောင်မြေရပ်ကွက် ဗိုလ်ချုပ်လမ်းမဘေးရှိ First Rate Mobile ဖုန်းဆိုင်သို့ အမျိုးသားလေးဦး(စိစစ်ဆဲ) က နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် သေနတ်များကိုင်ဆောင်၍ ဝင်ရောက်လာပြီး ဆိုင်ဝန်ထမ်းများအား ကြမ်းပြင်၌မှောက်ခိုင်းထားကာ ဆိုင်၏နောက်ခန်းအတွင်း ဖုန်းပြင်နေသော ဆိုင်ဝန်ထမ်းဖြစ်သူ ကိုဟိန်းမြတ်သူ (၂၁) နှစ်အား သေနတ်ဖြင့်ပစ်ခတ်၍ ဆိုင်အတွင်းရှိ iPhone အမျိုးအစား လက်ကိုင်ဖုန်းအလုံး ၂၀ (တန်ဖိုးငွေကျပ် ၁၁၂၁ သိန်းခန့်)အား လုယက်ယူဆောင်ထွက်ပြေးသွားခဲ့ပြီး ဖြစ်စဉ်အတွင်း ကိုဟိန်းမြတ်သူတွင် ကျည်ထိမှန် ဒဏ်ရာတစ်ချက်ရရှိကာ သေဆုံးသွားခဲ့သဖြင့် တာချီလိတ်မြို့မရဲစခန်းတွင် (ပ)၁၆၈/ ၂၀၂၄၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၉၂/၃၀၂/၃၄ ဖြင့် အမှုဖွင့်လှစ်ကာ တရားခံများ ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။

ဖြစ်စဉ်မှ လုယက်မှုကျူးလွန်သူတရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်း၊ အသွင်ယူစောင့်ကြည့်ခြင်းများ ဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ် ဖန်ပင်ကျေးရွာအုပ်စု ဝမ်ကျောက်လုံကျေးရွာရှိ ဦးဆမ်ကြွက်(စိစစ်ဆဲ)၏ အငှားနေအိမ်လိုင်းခန်းတွင် လုယက်မှုကျူးလွန်သူတရားခံများ ခိုအောင်းရောက်ရှိနေထိုင်လျက်ရှိကြောင်း သတင်းအရ ယင်းနေ့ ည ၁၂ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါအငှားနေအိမ်လိုင်းခန်းသို့ ဝင်ရောက်စီးနင်းရှာဖွေခဲ့သည်။

ထိုသို့ဝင်ရောက်ရှာဖွေစဉ် အဆိုပါအငှားနေအိမ်လိုင်းခန်းရှိ အခန်းအမှတ်(၁၀)အတွင်းမှ လုယက်မှုကျူးလွန်ခဲ့သူတရားခံများက သေနတ်များဖြင့် စတင်ပစ်ခတ်ကာ ထွက်ပြေးရန်ကြိုးစားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ဖမ်းဆီးခဲ့ရာ လုယက်မှုကျူးလွန်ခဲ့သူ တရားခံများဖြစ်ကြသည့် လားရှိုးမြို့နယ် နယ်မြေ(၁၉) ရပ်ကွက်(၁၂)နေ ဖန်လီ (၃၄) နှစ် (ဘ)ဦးဖန်ကျင်းလျှမ်ပါ အမျိုးသားလေးဦးအား အသေပစ်ခတ်ဖမ်းဆီးရမိခဲ့ပြီး အခင်းဖြစ်နေရာအား အသေးစိတ်စစ်ဆေးရှာဖွေမှုများဆောင်ရွက်ခဲ့ရာ လုယက်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် BWHE 610 Glock အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ၄င်းကျည်နှစ်တောင့်၊ ကျည်အိမ်နှစ်ခု၊ အမေရိကန်နိုင်ငံထုတ် ZEV အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ၄င်းကျည်နှစ်တောင့်၊ ကျည်အိမ်တစ်ခု၊ အသံတိုပ်ပြောင်း တစ်ခု၊ အမေရိကန်နိုင်ငံထုတ် SIGSAUER အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ကျည်အိမ်တစ်ခု၊ ဩစတြေးလျနိုင်ငံထုတ် TARAN TACTICAL INNOVATION (COMBAT MASTER) အမျိုးအစား ပစ္စတိုသေနတ်တစ်လက်၊ ၄င်းကျည်သုံးတောင့်၊ ကျည်အိမ်တစ်ခု၊ အသံတိုပ်ပြောင်းတစ်ခု၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခု၊ ယာဉ်မောင်းလိုင်စင်ကတ်ပြား တစ်ခု၊ SHN-12 1K-7890 ယာဉ်နံပါတ်ပြားတပ်ဆင်ထားသည့် TOYOTA WISH အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့် အနက်ရောင်လက်ဆွဲအိတ်အတွင်းထည့်ထားသော လုယက်မှုကျူးလွန်ရာမှရရှိသည့် လက်ကိုင်ဖုန်း ၁၂ လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် First Rate Mobile ဖုန်းဆိုင်အတွင်း ဝင်ရောက်ကာ လူသေဆုံးစေသည်အထိ သေနတ်ဖြင့်ပစ်ခတ်၍ လုယက်မှုကျူးလွန်သူ တရားခံလေးဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်တိုအတွင်း သက်သေခံပစ္စည်းများ၊ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် လက်နက်ခဲယမ်းများနှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်ရှိ First Rate Mobile ဖုန်းဆိုင်အား သေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်လုယက်မှုကျူးလွန်သူတရားခံများအား သက်သေခံပစ္စည်းများ၊ လက်နက်ခဲယမ်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

## ကျိုက်ထီးရိုးတောင်ပေါ်သို့ PDF တပ်ဖွဲ့ဝင်များရောက်ရှိသည်ဆိုသည့် သတင်းမှာ သတင်းမှားသာဖြစ်

မော်လမြိုင် နိုဝင်ဘာ ၁၄

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဘုရားရင်ပြင်တော်ပေါ်သို့ နိုဝင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းက PDF များ ဘုရားလာဖူးသည့်ဗီဒီယိုဖိုင် လူမှုကွန်ရက်တွင် ပျံ့နှံ့ခဲ့သည်။

အဆိုပါရုပ်သံဖိုင်တွင် PDF လူငယ်များသည် ယူနီဖောင်းဝတ်ဆင်ထားပြီး လက်နက်အပြည့်အစုံဖြင့် ကျိုက်ထီးရိုးပုံစံတူစေတီတော်အား ဖူးမြော်နေသည်ကို တွေ့ရှိရသည်။

ယင်းသတင်းနှင့်ပတ်သက်၍ ကျိုက်ထီးရိုးဂေါပကအဖွဲ့၏ ပြောကြားချက်အရ ကျိုက်ထိုမြို့နယ် ပေါင်းလောင်းတောင်တော်ပေါ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မဟုတ်ဘဲ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်ရှိ ကျိုက်ထီးရိုးပုံစံတူစေတီသာဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် ကျိုက်ထီးရိုးဘုရားဖူးသူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိကြောင်း၊ PDF များ ဘုရားဖူးလာရောက်သည်ဆိုသည့် သတင်းမှာ သတင်းအမှားသာဖြစ်ကြောင်း၊ နေ့စဉ်ဘုရားဖူးလာသူများ စိတ်အနှောင့်အယှက်ဖြစ်စေရန် တမင်လုပ်ကြံ သတင်းအတု ဖန်တီးခြင်းသာဖြစ်ကြောင်း၊ နိုဝင်ဘာ ၁၂ ရက် တွင် ဘုရားဖူးလာရောက်သူ ၁၈၈၇ ဦးရှိပြီး ယခုအပတ်တွင် နေ့စဉ် လူ၂၀၀၀ ဝန်းကျင်ခန့် ဘုရားဖူးလာရောက်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ကန့်ဘလူမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေအိမ် ၁၀၀ ကျော်ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၁၃ ရက်တွင် နေအိမ် ၁၀၀ ကျော်ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းတု၊ သတင်းမှားများ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ကန့်ဘလူမြို့နယ်အတွင်း ဒေသခံပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရန်နှင့် အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်ခြင်းမရှိစေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်နေမှုများကို တရားမဝင်ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် သတင်းမှားများဖြင့် ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ရေးသားဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရသည်။

သတင်းစဉ်




## အိုးဘိုထောင်တွင် အကျဉ်းသားများ အရေပြားရောဂါခံစားနေရသည်ဟူ၍ မဟုတ်မမှန် လုပ်ကြံသတင်းရေးသားဖြန့်ဝေ

နေပြည်တော် နိုဝင်ဘာ ၁၄

အိုးဘိုထောင်တွင် အကျဉ်းသားများ အရေပြားရောဂါခံစားနေရသည်ဟူ၍ RFA Media အမည်ခံ Facebook Page က မဟုတ်မမှန် လုပ်ကြံသတင်းရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ မန္တလေးဗဟိုအကျဉ်းထောင်တွင် အကျဉ်းသား အကျဉ်းသူများအတွက် သုံးရေလုံလောက်စွာရရှိစေရန် အိပ်ဆောင်အလိုက် အဝီစိတွင်းများရှိပြီး ရေကန်များကိုအပြည့်ဖြည့်ပေးထားကာ နေ့စဉ် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ရေချိုးခွင့်ပေးထားကြောင်း သိရသည်။

ထို့ပြင် သောက်သုံးရေလုံလောက်မှု ရရှိစေရန်အတွက် ရေသန့်စက်မှ ရေသန့် လီတာ ၆၀၀၀ ခန့်ကို ရေသန့်ဘူးကြီးများဖြင့် တစ်ရက်လျှင် နှစ်ကြိမ် အိပ်ဆောင်များသို့ ဖြန့်ဝေပေးလျက်ရှိသည့်အပြင် အိပ်ဆောင်များတွင်လည်း ဂါလန် ၅၀ ဆံ့ ရေလှောင်တိုင်ကီတစ်လုံးစီ ထားရှိပေးထားကြောင်း၊ မီးမလာပါက အသုံးပြုနိုင်ရန် အိပ်ဆောင်များတွင် ရေမော်တာအတွက် မီးစက်နှစ်လုံးစီထားရှိကာ ရေပြတ်လပ်မှုမရှိစေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အကျဉ်းသား အကျဉ်းသူများထဲမှ သာမန်ပွေး၊ ဝဲ၊ ယားနာရောဂါဖြစ်ပွားနေသော အကျဉ်းသား အကျဉ်းသူများအား အကျဉ်းထောင်ဆေးရုံအုပ်က သောက်ဆေး၊ လိမ်းဆေးများဖြင့် အိပ်ဆောင်အလိုက် အနီးကပ်ကြည့်ရှုကုသပေးလျက်ရှိပြီး ပွေး၊ ဝဲ၊ ယားနာ ရောဂါမဖြစ်ပွားစေရန်၊ အနံ့အသက်မရှိစေရန် အိပ်ရာခင်းများအား နေထုတ်လှန်းစေခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အိပ်ဆောင်၊ အခန်းများ သန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် RFA Media အမည်ခံ Facebook Page ၏ ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာဖြစ်သည်။

ကိုဖြိုး

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။






## ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ်ချန်ပီယံဖြစ်ရန် လီဗာပူးအသင်းရေပန်းစား

**လီဗာပူး နိုဝင်ဘာ ၁၄**

၂၀၂၄-၂၀၂၅ ယခုနှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ်ချန်ပီယံဆုအား ဆွတ်ခူးရန် လီဗာပူးအသင်းက ရေပန်းစားဆုံး ဖြစ်လာခဲ့သည်။

လီဗာပူးအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၁၁ ပွဲကစားအပြီးတွင်လည်း ရမှတ် ၂၈မှတ်ဖြင့် အဆင့် ၁ နေရာတွင်ရပ်တည်ပြီး အဆင့် ၂ နေရာမှ မန်ချက်စတာစီးတီးအသင်းအား ၅ မှတ်ထိ ဖြတ်ထားနိုင်ခဲ့သည်။

ထို့ပြင် လီဗာပူးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်သာ ရလဒ်ကောင်းရှံ့မှုမက ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ပွဲစဉ် ၄ ပွဲ ကစားပြီး ရမှတ် ၁၂ မှတ်ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးနေရာတွင်ရပ်တည်ကာ နောက်တစ်ဆင့်တက်ရောက်ရန်လည်း သေချာလုနီးပါး ဖြစ်နေလျက်ရှိသည်။

လီဗာပူးအသင်းသည် နည်းပြသစ် အာနီစလော့လက်ထက်တွင် ပုံစံကောင်းများစွာလည်း ရယူပိုင်ဆိုင်နိုင်ခဲ့သည်။

ထို့ကြောင့် လီဗာပူးအသင်းအနေဖြင့် လက်ရှိရေပန်းစားနေသည့် အတိုင်း ယခုနှစ်ဘောလုံးရာသီအကုန်တွင် ပရီးမီးယားလိဂ်ချန်ပီယံဆုအား ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည် ဖြစ်သည်။

**(အပေါ်ပုံ)**

**(NGB)**

## ဘောလုံးသတင်း အတိုအထွာများ

* ရီးရဲလ်မက်ဒရစ်အသင်းနှင့်ဘာစီလိုနာအသင်းတို့သည် နော်တင်ဟမ်ဖောရက်စ်အသင်း နောက်ခံကစားသမား မူရီလိုအား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

* ဂျူဗင်တပ်အသင်းသည် မန်ချက်စတာယူနိုက်တက်အသင်း နောက်ခံကစားသမား လင်ဒီလော့ဖ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* အင်တာမီလန်အသင်းသည် အသင်းကစားသမား ယန်းဘစ်ဆက်အား စာချုပ်သက်တမ်းတိုးရန် သဘောတူညီမှု ရရှိခဲ့ပြီးဖြစ်သည်။ **(NGB)**

## ဂျော်အိုပယ်ရယ်ရာအား နည်းပြသစ်အဖြစ် စပို့တင်းလစ္စဘွန်းအသင်း ခန့်အပ်

**လန်ဒန် နိုဝင်ဘာ ၁၄**

စပို့တင်းလစ္စဘွန်းအသင်းသည် အသင်းနည်းပြသစ်အဖြစ် အသင်းကစားသမားဟောင်းဖြစ်သူ ဂျော်အိုပယ်ရယ်ရာအား ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် စပို့တင်းလစ္စဘွန်းအသင်းနှင့်အတူ ၂၀၂၇ခုနှစ်အထိ စာချုပ်ချုပ်ဆိုခဲ့သည်။

ဂျော်အိုပယ်ရယ်ရာသည် ကစားသမားဘဝမှ အနားယူပြီးနောက် နည်းပြလောကသို့ ချက်ချင်းဝင်ရောက်ခဲ့ကာ စပို့တင်းလစ္စဘွန်းအသင်းအား နည်းပြအဖြစ် ဦးဆောင်ခွင့်ရရှိခဲ့ပြီဖြစ်သည်။



**(အပေါ်ပုံ)**

အသက်(၄၀)နှစ်အရွယ်ရှိ ဂျော်အိုပယ်ရယ်ရာက "ကျွန်တော့်အခုလို စပို့တင်းလစ္စဘွန်း နည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ကျွန်တော် အနေနဲ့လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(NGB)**



## ပီဒရီနှင့် ဂါဗီအား စာချုပ်သက်တမ်းတိုးရန် ဘာစီလိုနာအသင်း စီစဉ်

**ဘာစီလိုနာ နိုဝင်ဘာ ၁၄**

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းသည် အသင်းကစားသမားများဖြစ်သည့် ပက်ဒရီနှင့် ဂါဗီတို့အား ၂၀၂၉ခုနှစ်အထိ စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ပီဒရီသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၁၆၀ကစားပြီး ၂၃ဂိုး သွင်းယူကာ ခြေစွမ်းပြထားသလို၊ အသက်(၂၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဂါဗီသည်လည်း အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၇ပွဲကစားပြီး ၇ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ဘာစီလိုနာအသင်းထုတ်ပြန်ချက်တွင် "ပီဒရီနှင့် ဂါဗီတို့အား စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူတို့နှစ်ဦးက အသင်းအတွက် အားထားရတဲ့ ကစားသမားကောင်းတွေပါ။ စာချုပ်ကိစ္စလည်းမကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။

**(အပေါ်ပုံ)(NGB)**

## မန်ချက်စတာစီးတီးမှာ အနာဂတ်မရေရာသည့် ဂရီးလစ်ရှ်အား ခေါ်ယူရန် စပါးအသင်းစီစဉ်

**လန်ဒန် နိုဝင်ဘာ ၁၄**

စပါးအသင်းသည် မန်ချက်စတာစီးတီးအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် တောင်ပံကစားသမား ဂရီးလစ်ရှ်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၉)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် လက်ရှိအချိန် မန်ချက်စတာစီးတီးအသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်လျက်ရှိနေခြင်းကြောင့် စပါးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

တောင်ပံကစားသမား ဂရီးလစ်ရှ်သည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၅ပွဲကစားပြီး ၁၄ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် စပါးအသင်းအနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် မန်ချက်စတာစီးတီးအသင်းထံမှ ဂရီးလစ်ရှ်အား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည် ဖြစ်သည်။

**(အောက်ပုံ)(NGB)**



## 2024 IEB+Argentina Open တင်းနစ်ပြိုင်ပွဲ နိုဝင်ဘာ ၂၅ရက်တွင် စတင်မည်

**လန်ဒန် နိုဝင်ဘာ ၁၄**

အာဂျင်တီးနားနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 IEB+Argentina Open တင်းနစ်ပြိုင်ပွဲ လာမည့် နိုဝင်ဘာ ၂၅ရက်တွင် စတင်သွားမည်ဖြစ်သည်။ **(ယာပုံ)**

အဆိုပါ 2024 IEB+Argentina Open တင်းနစ်ပြိုင်ပွဲကို နိုဝင်ဘာ ၂၅ရက်မှ ဒီဇင်ဘာ ၂ရက်အထိ ရက်ကြာကျင်းပသွားမည် ဖြစ်သည်။

2024 IEB+Argentina Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

IEB+Argentina Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ဘရာဇီးတင်းနစ်မယ် Laura Pigossi ဖြစ်သည်။ **(NGB)**




### နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၅-၁၁-၂၀၂၄ သောကြာနေ့ | ည ၁၀း၃၀ နာရီ | ရုရှား - ဘရူနိုင်း |

### ယူအီးအက်ဖ်အေ နေရှင်းလိဂ် ဘောလုံးပြိုင်ပွဲ(အုပ်စုအဆင့်)ပွဲစဉ်-၅ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | လိဂ် | အုပ်စု | ပွဲစဉ် | ပထမကျော့ ရလဒ် |
|---|---|---|---|---|---|
| ၁၅-၁၁-၂၀၂၄ သောကြာနေ့ | ည၁၁း၃၀နာရီ | C | ၂ | ဆိုက်ပရပ်စ် - လစ်သူယေးနီးယား | လစ်သူယေးနီးယား ၀-၁ ဆိုက်ပရပ်စ် |
| ၁၆-၁၁-၂၀၂၄ စနေနေ့ | နံနက်၀၂း၁၅နာရီ | A | ၁ | ပေါ်တူဂီ - ပိုလန် | ပိုလန် ၁-၃ ပေါ်တူဂီ |
| ။ | ။ | A | ၁ | စကော့တလန် - ခရိုအေးရှား | ခရိုအေးရှား ၂-၁ စကော့တလန် |
| ။ | ။ | D | ၁ | ဆန်မာရီနို - ဂျီဘရော်လ်တာ | ဂျီဘရော်လ်တာ ၁-၀ ဆန်မာရီနို |
| ။ | ။ | A | ၄ | ဒိန်းမတ် - စပိန် | စပိန် ၁-၀ ဒိန်းမတ် |
| ။ | ။ | A | ၄ | ဆွစ်ဇာလန် - ဆားဘီးယား | ဆားဘီးယား ၂-၀ ဆွစ်ဇာလန် |
| ။ | ။ | C | ၂ | ရိုမေးနီးယား - ကိုဆိုဗို | ကိုဆိုဗို ၀-၃ ရိုမေးနီးယား |
| ။ | ။ | C | ၃ | လူဇင်ဘတ် - ဘူလ်ဂေးရီးယား | ဘူလ်ဂေးရီးယား ၀-၀ လူဇင်ဘတ် |
| ။ | ။ | C | ၃ | မြောက်အိုင်ယာလန် - ဘီလာရုစ် | ဘီလာရုစ် ၀-၀ မြောက်အိုင်ယာလန် |

### ၂၀၂၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ(အာရှဇုန် ခြေစစ်ပွဲ-တတိယအဆင့်)(ပွဲစဉ်-၅)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|---|---|
| ၁၅-၁၁-၂၀၂၄ သောကြာနေ့ | မွန်းလွဲ၃း၄၀နာရီ | C | အင်ဒိုနီးရှား - ဂျပန် | ဂျပန် ၃-၁ အင်ဒိုနီးရှား |

### ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ(တောင်အမေရိကဇုန်-ခြေစစ်ပွဲ)(ပွဲစဉ်-၁၁)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(နောက်ဆုံး ၅ပွဲ ရလဒ်) | ပထမအကျော့ရလဒ် |
|---|---|---|---|
| ၁၆-၁၁-၂၀၂၄ စနေနေ့ | နံနက် ၀၆း၃၀ နာရီ | (၃)ဥရုဂွေး - ကိုလံဘီယာ(၂) (W,D,D,L,D) (W,D,W,L,W) | ကိုလံဘီယာ ၂-၂ ဥရုဂွေး |
| ။ | နံနက် ၈း၀၀ နာရီ | (၉)ပီရူး - ချီလီ(၁၀) (D,D,L,W,L) (L,L,L,L,L) | ချီလီ ၂-၀ ပီရူး |

# (၂၉)ကြိမ်မြောက် ဌာနဆိုင်ရာဝန်ထမ်းပေါင်းစုံ စုပေါင်းမဟာဘုံကထိန်ပွဲတော်အခမ်းအနား ကျင်းပ



**ကျောက်ဆည် နိုဝင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးဆောင်မှုဖြင့် နှစ်စဉ်ကျင်းပမြဲဖြစ်သော ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဝန်ထမ်းပေါင်းစုံ (၂၉)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတော် အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီက သင်တောင်းကြီးကျေးရွာ ဆုတောင်းပြည့် မဟာရွှေသိမ်တော်မြတ်စွာဘုရား၊ ကေသီဦး ဓမ္မာရုံကြီးတွင် ကျင်းပခဲ့သည်။

အခမ်းအနားကို နမောတဿ (၃)ကြိမ်ရွတ်ဆိုဘုရားကန်တော့ပြီး နိုင်ငံတော်သြဝါဒါစရိယ၊ ရောဝတီကျောင်း ဘဒ္ဒန္တပါမောက္ခ ဆရာတော်ကြီးထံမှ ငါးပါးသီလ တရားခံယူဆောက်တည်ကြပြီး အခမ်းအနားသို့ ကြွရောက်တော်မူလာကြသော ဆရာတော်တို့မှ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသည့် အန္တရာယ်ကင်း ပရိတ်တရားတော်များအား နာယူကြည်ညိုခဲ့ကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်က သာသနာရေးဆိုင်ရာများလျှောက်ထားသည်။ ဆက်လက်၍ မဟာဝိသုတာရာမ(ဆူးကုန်း)ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တခေမိန္ဒာစာရ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)မှ ကထိန်လျာသင်္ကန်းအား ပေါင်လောင်ကြီးကျေးရွာ အောင်မင်္ဂလာကျောင်းတိုက်မှ ဘဒ္ဒန္တဓမ္မဝံသ ဆရာတော်ကြီးထံ ဓမ္မဝိနယနှင့်အညီ ဆက်ကပ်လှူဒါန်းရန်ဆောင်ရွက်ပေးတော်မူကာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်သူနှင့် ဇနီးက ကထိန်လျာသင်္ကန်းအား ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ရွှေစေတီပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တပညာသာမိ(ဂန္ထဝါစကပဏ္ဍိတ)မှ ဝန်ထမ်းပေါင်းစုံ စုပေါင်းမဟာဘုံကထိန်ဆက်ကပ်မှုများနှင့်ပတ်သက်၍ ရှင်းလင်းမိန့်ကြားပြီး ရွှေကူညီဓမ္မရိပ်သာ ဦးစီးပဓာန နာယက ဘဒ္ဒန္တဇနိတာဘိဝံသ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ထံက လှူဒါန်းမှုအစုစုအတွက် အနုမောဒနာနှင့် ရေစက်သွန်းချ တရားနာယူကြည်ညိုအမျှပေးဝေခဲ့ပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု(၃)ကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့သည်။

(၂၉)ကြိမ်မြောက် ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းပေါင်းစုံ စုပေါင်းမဟာဘုံကထိန်ပွဲတော်ကြီးတွင် ဥတ်မကြီးပဒေသာပင်အပါအဝင် ပဒေသာပင် ၅၇ ပင်ကို ပင့်သံဃာဆရာတော် ၅၇ ပါးအား မဲဖောက်လှူဒါန်းခဲ့ကြောင်းနှင့် လှူဒါန်းမှုအစုစုမှာ ငွေသားတန်ဖိုးငွေကျပ် ၃၄၃၀၄၅၀၀နှင့် ပစ္စည်းတန်ဖိုး ငွေကျပ် ၁၉၈၀၇၄၀၀၊ စုစုပေါင်း ငွေကျပ် ၅၄၁၁၁၉၀၀ ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**
**(၄၈၅)**



# ဆောင်းသီးနှံအတွက် ချေးငွေများ ထုတ်ချေးပေးနေ

**မန္တလေး နိုဝင်ဘာ ၁၄**

၂၀၂၄ ခုနှစ် ဆောင်းသီးနှံအတွက် ချေးငွေများကို စတင်ထုတ်ချေးပေးလျက်ရှိကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံးချုပ်မှ သိရသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာလမှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလကုန်အထိ ငွေကျပ် ၁၄၀ ဒသမ ၀၅ ဘီလီယံ ထုတ်ချေးပေးသွားမည်ဖြစ်ပြီး မိုးစပါးသီးနှံအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုရှိ ဘဏ်ခွဲ ၄၀ မှ ငွေကျပ် ၃၁၂၂ သန်း ထုတ်ချေးပေးခဲ့ပြီး ဖြစ်သည်။

ဆောင်းသီးနှံတွင် နွေစပါး၊ ဆီထွက်သီးနှံ၊ ချည်မျှင်၊ ပဲမျိုးစုံ၊ အစေ့ထုတ်ပြောင်းနှင့် ကြက်သွန်တို့ပါဝင်ပြီး စပါးတစ်ဧကလျှင် ငွေကျပ် တစ်သိန်းခွဲ၊ အခြားသီးနှံ တစ်ဧကလျှင် ငွေကျပ် တစ်သိန်းဖြင့် ထုတ်ချေးပေးသွားမည် ဖြစ်သည်။

ဆောင်းသီးနှံ ချေးငွေကာလမှာ ၂၀၂၅ ခုနှစ် မေလမှ အောက်တိုဘာလအထိ သတ်မှတ်ထားကြောင်း သိရသည်။

**(အပေါ်ပုံ)(မန္တလေးနေ့စဉ်-၆)**

# မိရိုးဖလာရိုးရာ ဝါးတောင်းအမျိုးမျိုးရက်လုပ် အသက်မွေးဝမ်းကျောင်းပြု

**မင်းဘူး နိုဝင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ကြာကန်ကျေးရွာအုပ်စု ပေါက်ကုန်းကျေးရွာတွင် တစ်ရွာလုံး ဘိုးဘွားစဉ်ဆက် ရိုးရာလုပ်ငန်းတစ်ခုဖြစ်သော ဝါးတောင်းအမျိုးမျိုးရက်လုပ်ကာ အသက်မွေးဝမ်းကျောင်းပြုလုပ်ကြသည်။

ထိုကဲ့သို့ ရက်လုပ်ကြသောလုပ်ငန်းများမှ တောင်းအမျိုးမျိုးအပြင် ဆန်ကော၊ ဆန်ကာအမျိုးမျိုး၊ ခြင်းအမျိုးမျိုးနှင့် အိမ်အသုံးအဆောင်ပစ္စည်းများကိုပြုလုပ်ရောင်းချလျက်ရှိသည်။ "ကျွန်မတို့တစ်ရွာလုံး ဒီလုပ်ငန်းနဲ့အသက်မွေးဝမ်းကျောင်းပြုလုပ်ကြတာ နှစ်ပေါင်း ၄၀၊ ၅၀ ကြာပါပြီ၊ ကလေးကအစ တစ်ရွာလုံးလည်း ရက်လုပ်တတ် ကြပါတယ်။ ကုန်ကြမ်းအနေနဲ့ ဝါးတစ်လုံးကို ငွေကျပ် ၁၃၀၀ ကြိမ် ၁၀၀ စည်း တစ်စည်းကို ငွေကျပ် ၈၀၀၀ ပေးဝယ်ရပြီး တောင်းတစ်လုံးကို ငွေကျပ် ၁၅၀၀၀၊ အမှိုက်တောင်းတစ်လုံးလျှင် ငွေကျပ် ၆၀၀၀၊ တင်းတောင်းတစ်လုံးလျှင် ငွေကျပ် ၄၅၀၀၀၊ ၅၀၀၀၀ ရောင်းရပါတယ်။ တစ်နေကုန် တစ်စိုက်မတ်မတ် ရက်လုပ်မယ်ဆိုရင်တော့ တစ်နေ့ကိုတောင်း လေးလုံးလောက်ပြီးပါတယ်။ အများဆုံးကတော့ တောင်းများကိုသာ ရက်လုပ်လေ့ရှိကြပြီး ကျန်ပစ္စည်းများကို မှာသူရှိမှ ရက်လုပ်ပေးပါတယ်" ဟု တောင်းရက်လုပ်ရောင်းချသူတစ်ဦးက ပြောပြသည်။

အဆိုပါ ဝါးဖြင့်ပြုလုပ်ရောင်းချသော အိမ်အသုံးအဆောင်ပစ္စည်းများမှာ ဝါးတောင်းအပြင် ဆန်ကော၊ ဆန်ကာ၊ ကြက်အုပ်ခြင်း၊ အမှိုက်တောင်း၊ မီးအုပ်ဆောင်း၊ ဓာတ်ပုံတင်စင်၊ တစ်ရှူးဘောက်စ်၊ရေခွက်ပိုင်ခွက်၊ဘောလ်ပင်ထည့်သည့်ခွက်၊ ဖုန်းတင်သည့်စင်၊ ဗန်းချော၊ ဆန်၊ စပါး ချိန်သည့် ပြည်တောင်း၊ တင်းတောင်းဖျာနှင့် ယိုင်ပတ်များကိုပါ ရက်လုပ်ကြပြီး အဆိုပါ ဝါး၊ တောင်းအမျိုးမျိုးပြုလုပ်သည့် ရိုးရာလုပ်ငန်းကို တစ်ရွာလုံးပြုလုပ်ကြကာ ထိုကဲ့သို့ တစ်ရွာလုံးပြုလုပ်ကြသည့် ရိုးရာလက်မှုလုပ်ငန်းမှာ မင်းဘူး(စကု)မြို့နယ်တွင် ကျေးရွာနှစ်ရွာသာရှိပြီး ဝါးတောင်းအမျိုးမျိုးပြုလုပ်ကြသည့် ပေါက်ကုန်းကျေးရွာနှင့် မိရိုးဖလာ ရိုးရာအိုးလုပ်ငန်းဖြင့် တစ်ရွာလုံးအသက်မွေးဝမ်းကျောင်း ပြုလုပ်ကြသည့် ရွာသာယာကျေးရွာပင် ဖြစ်သည်။

**(အောက်ပုံ)**
**ဧယျာထက်(မင်းဘူး)**





# ရန်ကုန်-မန္တလေးအမြန်လမ်း အဝင်လမ်း အထွက်လမ်းနှင့် လမ်းလယ်ကျွန်းသာယာလှပရေး အထူးသန့်ရှင်းရေး ဆောင်ရွက်

**မန္တလေး နိုဝင်ဘာ ၁၄**

ရန်ကုန်-မန္တလေးအမြန်လမ်း အဝင်လမ်း အထွက်လမ်းနှင့် လမ်းလယ်ကျွန်းသာယာလှပရေး အထူးသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်းမှ ညနေပိုင်းအထိ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနနှင့် သန့်ရှင်းရေးဌာနမှဝန်ထမ်းများ ပူးပေါင်းအင်အား ၂၀၀ ဦးဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အထူးသန့်ရှင်းရေးနှင့်သာယာလှပရေးလုပ်ငန်းအဖြစ် အမြန်လမ်း အဝင်လမ်း အထွက်လမ်းနှင့် လမ်းလယ်ကျွန်းများတွင် မိုင်တိုင်(၃၆၆/၃) မှ (၃၆၅/၃)တံခွန်တိုင်အဝိုင်းတွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ထိုသို့ဆောင်ရွက်ရာသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးဝင်းမောင်၊ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန ဌာနမှူး ဦးစိုးလင်း၊ သန့်ရှင်းရေးဌာန ဌာနမှူး ဦးသန်းဇော်ထွန်းတို့က လုပ်ငန်းဆောင်ရွက်နေမှုများကို လာရောက်ကြည့်ရှုအားပေးခဲ့သည်။

"လမ်းဦးစီးဌာနကနေ လွှဲယူထားတဲ့ မိုင်တိုင်အမှတ်(၃၆၅)ကနေ (၃၆၆)တံခွန်တိုင်အဝိုင်းထိ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို သန့်ရှင်းရေးဌာနနဲ့ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနတို့ ပူးပေါင်းအင်အား ၂၀၀ဦးနဲ့ လမ်းလယ်ကျွန်း တစ်မိုင်၊ မြို့အထွက် တစ်မိုင်၊ မြို့အဝင်တစ်မိုင်အတွင်းကို သာယာလှပရေးအတွက် ဦးစားပေးဆောင်ရွက်ခြင်းဖြစ်ပါတယ်"ဟု ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနမှ ဌာနခွဲမှူး ဒေါ်နိုင်နိုင်လွင်က ပြောသည်။

**(အပေါ်ပုံ)(မန္တလေးနေ့စဉ်-၆)**




# (၃၂)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် ခင်းကျင်းလှူဒါန်း

**မန္တလေး နိုဝင်ဘာ ၁၄**

ချမ်းအေးသာစံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ကြီးမှူး၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမိသားစု၏ (၃၂)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ကန်ကောက်ရပ်ကွက်ရှိ မာန်အောင်ရတနာ ဓာတုဃရ ဝါခင်းကုန်းစေတီတော်၊ ဝင်းရတနာ ဓမ္မဗိမာန်တော်တွင် ကျင်းပသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး မဟာအောင်မြေမြို့နယ်၊ မစိုးရိမ်ကျောင်းတိုက်၊ နိရုတ္တိနယူပဒေသာကျောင်း ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစက္ကာဘိဝံသထံက ငါးပါးသီလခံယူဆောက်တည်ပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်သည့် ပရိတ်တရားတော်မြတ်များကို ရိုသေစွာ နာယူကြည်ညိုသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူး အေးလင်းထွန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးအောင်၊ အဖွဲ့ဝင်(၁)ဦးဇော်ဖေနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက သံဃာတော်များကို ကထိန်လျာဥတ်သင်္ကန်း၊ သင်္ကန်းဒွိစုံနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ၎င်းနောက် နိရုတ္တိနယူပဒေသာကျောင်းဆရာတော်ထံက အနုမောဒနာတရားနာယူကြည်ညို၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဧည့်ပရိသတ်များကို နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးသည်။

အဆိုပါအခမ်းအနားသို့ နိရုတ္တိနယူပဒေသာကျောင်း ဆရာတော်အမှူးပြုသည့် ပင့်သံဃာတော် ၂၅ ပါး၊ ကထိန်ခင်းကျင်းလှူဒါန်းမည့် ကန်ကောက်ရပ်ကွက်၊ ငြိမ်းချမ်းရေး ဓမ္မစကူးလ်ကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒိယ အမှူးပြုသည့် သံဃာတော် ၁၀ ပါး၊ သာမဏေ ၉ ပါး ကြွရောက်တော်မူကြပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ (၃၂)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်တော်တွင် လှူဖွယ်ဝတ္ထုပစ္စည်းအစုစုတန်ဖိုး ငွေကျပ် ၂၄၆၃၅၀၀၊ ကျောင်းတိုက်အတွက် နဝကမ္မဝတ္ထုငွေကျပ်သိန်း ၃၀၊ စုစုပေါင်း ငွေကျပ် ၅၄၆၃၅၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၀၇၂)

# ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး တုံ့ပြန်တိုက်ကျွေးခြင်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပ

**တံတားဦး နိုဝင်ဘာ ၁၄**

တံတားဦးခရိုင်၊ တံတားဦးမြို့နယ်တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး တုံ့ပြန်တိုက်ကျွေးခြင်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက တံတားဦးမြို့ ပြည်သူ့ဆေးရုံအတွင်းရှိ သံဃာ့ဆေးကုသဆောင်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တံတားဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကိုလင်းက အမှာစကားပြောကြားရာတွင် တံတားဦးမြို့နယ်တွင် မြို့နယ်ပြည်သူ့ဆေးရုံ ခုတင် ၅၀ ဆံ့ ၂ ခု၊ ခုတင် ၁၆ ဆံ့ တိုက်နယ်ဆေးရုံ ၅ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၁၆ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၇၆ ခုရှိပြီး ဆရာဝန်နှင့် လူဦးရေအချိုးမှာ ၁ ဒသမ ၁၉၃၄၈ ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ တံတားဦးမြို့နယ်အနေဖြင့် ၄က်ဖျား၊ ဝမ်းလျှော၊ ဝမ်းကိုက်၊ တီဘီ၊ အသည်းရောင်ရောဂါများသည် အများဆုံးဖြစ်ပွားသည့်ရောဂါများဖြစ်ပါကြောင်း၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဆိုသည်မှာ အရည်ဝမ်း(သို့)ဆန်ဆေးရည်ကဲ့သို့ အဖြူရောင်ဝမ်းများ အကြိမ်များစွာသွားပြီး ရေဓာတ်ဆုံးရှုံး၍ အသက်သေဆုံးနိုင်သော ရောဂါတစ်မျိုးဖြစ်ပါကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာမြင့်ဦးက ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ပတ်သက်ပြီး ပရိုဂျက်တာဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းဝင်များက အပြင်းအထန် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ပတ်သက်ပြီး မိမိတို့သိရှိလိုသည်များကို အသီးသီး အပြန်လှန်ဆွေးနွေးကြရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူးက ပြန်လည်ဖြေရှင်းဆောင်ရွက်ကြသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများအား ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးအကြောင်း Video ဖြင့် ပြသပေးခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)(၄၀၉)

# ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေးတိုက်ကျွေး



**မန္တလေး နိုဝင်ဘာ ၁၄**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၃ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ ကမ်းနားလမ်းရှိ နှင်းဆီအငှားအိမ်ရာတွင် ဆောင်ရွက်ကြသည်။ အဆိုပါ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး (Oral Cholera Vaccine-OCV)တိုက်ကျွေးကြရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန့်ဇင်လင်း ဦးဆောင်၍ လက်ထောက်ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက အသက်တစ်နှစ်နှင့်အထက် ကလေးငယ် ၇၇ ဦး၊ လူကြီး ၅၃၂ ဦးတို့အား ကာကွယ်ဆေးတိုက်ကျွေးကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်နှင့်အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်လူမှုရေးအသင်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အကွက်တာဝန်ခံများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည်။

ထိုသို့ကာကွယ်ဆေးတိုက်ကျွေးရာသို့ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်း၊ တိုင်းဒေသကြီးဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းနိုင်နှင့် ညွှန်ကြားရေးမှူးများ၊ UNICEF နှင့် WHO တို့မှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများက လာရောက်ကြည့်ရှုအားပေးကြပြီး ကာကွယ်ဆေးများတိုက်ကျွေးကြကာ အမှတ်တရလက်ဆောင်များ ပေးအပ်ကြကြောင်း သိရသည်။

(အပေါ်ပုံ)(၀၉၃)

# မြန်မာတို့၏ ရိုးရာဓလေ့ ရှင်ပြုအလှူတော်ပွဲ ကျင်းပ

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့၌ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာအရ ပြုလုပ်သော အလှူပွဲကို ယမန်နေ့က စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ ရှင်လောင်းအလှူပွဲများတွင် နွားလှည်းယဉ်သည် အလိုက်ဖက်ဆုံးယာဉ်တစ်မျိုးဖြစ်သည်။ နွားလှည်းယဉ်ကို ရှေးအခါက လှည်းယဉ်ကြော့ဟုခေါ်ပြီး ယခုခေတ်တွင် ရွှေလှည်းယဉ်ဟုခေါ်ကြသည်။ ပွင့်လင်းရာသီဖြစ်သော သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်လများ၌ ကျေးလက်တောရွာဒေသများတွင် ကထိန်ခင်းလှူဒါန်းခြင်း၊ သားလှရတနာများကို သာသနာ့ဘောင်သွတ်သွင်းခြင်းနှင့် သမီးလှရတနာများကို နားသခြင်းမင်္ဂလာပွဲဟုခေါ်ဆိုအပ်သော ရှင်ပြုနားသအလှူတော်ပွဲများ ဆင်ယင်ကျင်းပလေ့ရှိကြသည်။

အလှူပွဲအဝင်နေ့တွင် နွားလှည်းယဉ်၊ မြင်း၊ မော်တော်ယာဉ်များဖြင့် လှည့်လည်ရာတွင် မြတ်စွာဘုရားရုပ်ပွားတော်အား ရှေ့ဆုံးမှပင်ဆောင်လာ၍ နောက်တွင် မောင်ရှင်လောင်းများ တင်ဆောင်လာသည့် မြင်း၊ နွားလှည်းယဉ်များနှင့် မောင်ရှင်လောင်း မိဘ၊ အလှူဒါယကာ၊ အလှူဒါယိကာမများက သင်္ကန်းပရိက္ခရာများပိုက်ပြီး လှပျိုဖြူလေးများက ကွမ်းတောင်၊ ပန်းတောင်များကိုင်ဆောင်ကာ စည်တော်၊ အိုးစည်၊ ဒိုးပတ်၊ အတီးအမှုတ်၊ အကအခုန်များဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ကို ထိန်းသိမ်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြောင်း သိရသည်။

(အောက်ပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)



# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်

## မြေပဲလုံးဆန်ထိပ်စများပို့ကုန်အဝယ်ရှိလာသလို ဈေးကွက်အတွင်း အဝင်နည်းလာသောကြောင့် မြေပဲဆီဆန်များလည်း ဈေးမြင့်တက်လာ



မြေပဲလုံးဆန် ထိပ်စများ ပို့ကုန် အဝယ်ကောင်းလာသလို ဈေးကွက်အတွင်းအဝင် နည်းလာသောကြောင့် မြေပဲဆီဆန်များ ဈေးမြင့်တက်လာကြောင်း ကုန်သည်များထံက သိရသည်။

ကထိန်ရာသီနောက်ပိုင်း ပဲ၊ နှမ်းဈေးကွက်အတွင်း မြေပဲဆန်၊ နှမ်းမျိုးစုံနှင့် ပို့ကုန်ပဲတီစိမ်းများ အရောင်းအဝယ် သွက်လာနိုင်ကြောင်း ကုန်သည်များသုံးသပ်ထားသည်။

နိုဝင်ဘာလဆန်းပိုင်းတွင် မြေပဲဆန်ဈေးကွက် ကျဆင်းနေသောကြောင့် ဈေးကွက် အဝင်နည်းလာခဲ့သည်။ ကထိန်ပွဲတော်ကာလဖြစ်သောကြောင့် အရောင်းအဝယ်ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်မှုနည်းပါးနေချိန်ဖြစ်သည်။လက်ရှိအချိန်တွင် တရုတ်လိုင်းအဝယ်ကောင်းလာသည့် မြေပဲလုံးဆန်ထိပ်စများ အဝယ်သွက်နေသလိုအဝင်နည်းလာသည့် မြေပဲဆီဆန်များလည်း ဈေးပြန်လည်မြင့်တက်ကြောင်း၊ပွဲတော်ပိတ်ရက်များအလွန်မှာ အရောင်းအဝယ်ခပ်သွက်သွက်ပြန်ဖြစ်လာနိုင်ကြောင်း ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)ပိုင်ရှင်က ပြောသည်။

"မြေပဲလုံးဆန်ထိပ်စလေးတွေ တရုတ်လိုင်းအဝယ်ကောင်းလာပါတယ်။ ကထိန်ရာသီဆိုတော့ မြေပဲဆန်နဲ့ မြေပဲဆီတွေကတော့ အဝယ်သွက်နေပါတယ်။ ပဲတီစိမ်းတွေလည်း အဝယ်ကောင်းလာတော့မှာပါ။ ပြည်တွင်းကုလားပဲအုပ်စုကတော့ ပုံမှန်အရောင်းအဝယ် ရှိနေပါတယ်။ လက်ရှိကုန်စည်ဒိုင်မှာ အရောင်းအဝယ်က အစုံအလင်မရှိသေးပါဘူး။ ကထိန်ရာသီပြီးရင်တော့ မြေပဲ၊နှမ်း၊ပဲတီစိမ်းတွေ အရောင်းအဝယ်ခပ်သွက်သွက်နဲ့ ပြန်ကောင်းလာနိုင်ပါတယ်"ဟု ၎င်းက ပြောသည်။

နိုဝင်ဘာ ၁၃ ရက်တွင် ပို့ကုန်မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀၊ မတ်ပဲ(အသစ်) တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀၊ ပဲစင်းငုံမှာ အရောင်းအဝယ်မရှိ၊ ပေါက်ဈေးဖွင့်နိုင်ခြင်းမရှိဘဲ ပဲတီစိမ်းအညာ တစ်အိတ်လျှင် ငွေကျပ် ၂၆၅၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဈေးနှုန်းအပြောင်းအလဲမရှိ ဈေးငြိမ်နေရာ နိုဝင်ဘာ ၁၃ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀၊ ထိုင်ဝမ် ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀၊ 929 ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ဈေးငြိမ်နေရာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၉၀၀၀၀၊ ကနေဒါ စားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၅၅၀၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀-၈၆၀၀ ပေါက်ဈေး ရှိနေသည်။

နှမ်းမျိုးစုံမှာ ပို့ကုန်သမားများ အဝယ်ကောင်းသဖြင့် နိုဝင်ဘာ ၁၃ ရက်တွင် နှမ်းမျိုးစုံ အရောင်းအဝယ်ပြန်သွက်နေရာ နှမ်းနက်(စမုန်) ၄၅ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၆၂၀၀၀၀၊ အက်စစ်လွတ် တစ်အိတ်လျှင် ငွေကျပ် ၆၆၀၀၀၀၊ နှမ်းဖြူ(ဂျပန်) ၄၅ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄၂၅၀၀၀၊ နှမ်းဖြူ(ဗမာ) ၄၅ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀၊ နှမ်းညို ၄၅ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀၊ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ရွှေမန်း

## ဧရာဝတီမြေနုကျွန်းစိုက်ခင်းများမှ စားဖိုဆောင်သီးနှံများ ဈေးကောင်းရ

ဆောင်းစိုက်သီးနှံအဖြစ် ဧရာဝတီမြစ်ရေ ကျဆင်းချိန် အောက်တိုဘာလဆန်းပိုင်းက စတင် စိုက်ပျိုးထားသည့် စားဖိုဆောင်သီးနှံများဖြစ်သည့် ချဉ်ပေါင်ရွက်၊ ဘူးသီးများ စတင်ခူးဆွတ်ရောင်းချနေရာ ယခင်နှစ်များထက် ဈေးကောင်းရရှိလာကြောင်း တောင်သူများထံက သိရသည်။

"ဆောင်းစိုက်အနေနဲ့ ကန်စွန်းဥ၊ မြေပဲတွေနဲ့ ချဉ်ပေါင်ရွက်၊ ဘူးပင်ကတော့ အညွှန့်တွေ စတင်ခူးနေပါပြီ။ ချဉ်ပေါင်ကတော့ အစည်း ၁၀၀ကို ငွေကျပ် ၃၅၀၀-၄၀၀၀ ဈေးရပါတယ်။ ချဉ်ပေါင်က တစ်ဧကကို ငွေကျပ် ၅၀၀၀၀၀ စိုက်ပျိုးစရိတ် ကုန်ကျပါတယ်။ ချဉ်ပေါင်ကတော့ အပင်နုတ်စနစ်နဲ့ တစ်ကန့်ကို ချဉ်ပေါင်အစည်း ၈၀၀၀ လောက်ထွက်ပါတယ်။ တစ်ဧကနှုန်းဆိုရင် ချဉ်ပေါင်အစည်း ၃၂၀၀၀ ခန့် ထွက်ရှိပါတယ်။ လက်ရှိ စိုက်ခင်းကောက်ဈေးနဲ့ဆိုရင် ငွေကျပ် ၁၂ သိန်းကျော်လောက်ရရှိတော့ တစ်ဧကအကျိုးအမြတ် ၇ သိန်းလောက်ကျန်ပါတယ်"ဟု ပုသိမ်ကြီးမြို့နယ် သံဘိုကျွန်းကျေးရွာမှ ဦးခင်မောင်ရင်က မန္တလေးနေ့စဉ်ကို ပြောသည်။

ဧရာဝတီမြေနုကျွန်းကျေးရွာများတွင် စက်တင်ဘာလ မြစ်ရေကျဆင်းမှုနှင့်အတူ ဆောင်းစိုက်သီးနှံများကို စိုက်ပျိုးရာတွင် အဓိက ဝင်ငွေရရှိအောင် ဆောင်းမြေပဲ၊ ကန်စွန်းဥများကို အများဆုံး စိုက်ပျိုးကြပြီး သီးညှပ်အဖြစ် စားဖိုဆောင်သီးနှံများဖြစ်သည့် တိုင်ထောင်ပဲ၊ ပြောင်းချိုး၊ ဘူးသီး၊ ချဉ်ပေါင်များကို စိုက်ပျိုးရာ နိုဝင်ဘာလလယ်ခန့်တွင် စားဖိုဆောင်သီးနှံများ စတင် ခူးဆွတ်ရောင်းချရာ ဈေးကောင်းရရှိနေခြင်း ဖြစ်သည်။

ချဉ်ပေါင်ရွက် အစည်း ၁၀၀ လျှင်ငွေကျပ် ၃၅၀၀-၄၀၀၀၊ ဘူးသီး ပိဿာဆိုဒ်အရွယ် တစ်လုံးလျှင် ငွေကျပ် ၁၀၀၀-၁၅၀၀ စိုက်ခင်းဈေးအဖြစ် ပွဲစားများထံ ရောင်းချရကြောင်း တောင်သူများထံက သိရသည်။

မန္တလေးဈေးကွက်အတွင်းသို့ အောက်တိုဘာလကတည်းက စားဖိုဆောင်သီးနှံများ အဝင်နည်းပြီး ဈေးကောင်းရရှိနေခြင်း ဖြစ်သည်။

ဧရာဝတီမြေနုကျွန်းစိုက်ခင်းများတွင် အောက်တိုဘာလမှ စတင်စိုက်ပျိုးသည့် မြေပဲနှင့် ကန်စွန်းဥများမှာလည်း ယခင်နှစ်က ဈေးကောင်းရရှိခဲ့သလို ယခုနှစ်တွင်လည်း ဈေးကောင်းရရှိနိုင်သည့် အခြေအနေများရှိနေသောကြောင့် တောင်သူများထံက သိရသည်။ (အောက်ပုံ) ရွှေမန်း





## တရုတ်နိုင်ငံသို့ ဆန်၊ ဆန်ကွဲ တင်ပို့ရန် GACC တွင် မှတ်ပုံတင်နိုင်ရေး နှစ်နိုင်ငံ စိစစ်ဆောင်ရွက်နေ

မြန်မာနိုင်ငံမှ ဆန်နှင့် ဆန်ကွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရန် စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ရေး သဘောတူစာချုပ်အရ မှတ်ပုံတင်နိုင်ရေး နှစ်နိုင်ငံစိစစ်ဆောင်ရွက်နေကြောင်း သိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မြန်မာ့ဆန်တင်ပို့နိုင်ရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ GACC တို့ကြား လက်မှတ်ရေးထိုးခဲ့သည့် မြန်မာနိုင်ငံမှ ဆန်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့တင်ပို့ရန် စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ရေးသဘောတူစာချုပ်အရ တင်ပို့ရန် ပြင်ဆင်နေခြင်း ဖြစ်သည်။

ထို့ပြင်တင်ပို့လိုသော ကုမ္ပဏီများ၏ အချက်အလက်များ၊ ယင်းတို့၏ ဆန်စက်နှင့်သိုလှောင်ရုံများကို မြေပြင်ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များကို နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့မှ လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ထံတင်ပြ၍ GACC တွင် မှတ်ပုံတင်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်အတွက် တရုတ်နိုင်ငံသို့ ဆန်၊ ဆန်ကွဲတင်ပို့လိုသော ကုမ္ပဏီအသစ်များကို စိတ်ဝင်စားမှုအဆိုပြုလွှာ(Expression of Interest-EOI) တင်ပြရန် ဇူလိုင်လ ပထမပတ်တွင် ကြေညာချက်ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုသို့လျှောက်ထားလာသည့် ကုမ္ပဏီများ၏ ဆန်စက်နှင့် သိုလှောင်ရုံများကို စိုက်ပျိုးရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှု လုပ်ငန်းလီမိတက်(MITS) တာဝန်ရှိသူများကစစ်ဆေးခြင်း၊ ဆောင်ရွက်ထားရမည့်အချက်များနှင့်ပတ်သက်သည့် သင်တန်းပေးခြင်း၊ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။ (အပေါ်ပုံ)

တရုတ်နိုင်ငံသို့ ဆန်၊ ဆန်ကွဲ တင်ပို့ရန် ၂၀၂၁ ခုနှစ်တွင် GACC မှ မှတ်ပုံတင်ရရှိခဲ့သည့် ကုမ္ပဏီ ၄၃ ခု၊ ၂၀၂၂ ခုနှစ်တွင် ကုမ္ပဏီ ၁၈ ခု၊ ၂၀၂၃ ခုနှစ်တွင် ကုမ္ပဏီ ၅၀ ခုရှိခဲ့သဖြင့် စုစုပေါင်း ကုမ္ပဏီ ၁၁၁ ခုကို မှတ်ပုံတင်ပေးနိုင်ခဲ့ပြီး ဆန်၊ ဆန်ကွဲများ တင်ပို့လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

# ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**တံတားဦး နိုဝင်ဘာ ၁၄**

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်လူငယ်မောင်မယ်များနှင့် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်သည်နှင့်အညီ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျောင်းသားလူငယ်များ စာဖတ်သည့် အလေ့အကျင့်များ ပျော်မွေ့လာစေရန် ရည်ရွယ်ပြီး တံတားဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ယမန်နေ့ မွန်းလွဲ ၃နာရီက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်စည်ကားသိုက်မြိုက် အောင်မြင်အောင် ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် တံတားဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးဘိုမောင်က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ထည့်သွင်းကျင်းပမည့် စာပေပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ စာအုပ်၊ စာစောင်ပြပွဲများ၊ နံရံကပ်စာစောင်ပြသမည့်နေရာနှင့်ပြခန်းများ၊ ခင်းကျင်းပြသမည့် ပြခန်းများ၊ အခမ်းအနားကျင်းပမည့် လုပ်ငန်းအသေးစိတ်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီများက လုပ်ငန်းများဆောင်ရွက်ထားရှိမှုကို အသီးသီးဆွေးနွေးတင်ပြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်ကြရေး ဖြည့်စွက်ရှင်းလင်းပြောကြားသည်။ တံတားဦးမြို့နယ်အနေဖြင့် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ သိရသည်။

(အပေါ်ဝဲပုံ)

(၄၀၉)




## သာမညဖလ အခါတော်နေ့

\- - - - - - - - - - -

* သာမညဖလ ဟူသည်မှာ
တန်ဆောင်မုန်းလပြည့်ခါ
ဇီဝကဆရာ ဆောက်လုပ်နှင်း
သရက်ဥယျာဉ်တွင်း ။

* သုံးလူ့သနင်း မြတ်ဗုဒ္ဓါ
သံဃာ့ဂုဏ် (၉)ဖြာ
ဟောကြားရာ နာယူရှင်း
အပြစ်တွေလွတ်ကင်း ။

* အဇာတသတ်မင်း ငယ်စဉ်ခါ
လူပေါင်းမှားခဲ့ရှာ
ဆရာဇီဝက လမ်းညွှန်မှ
အမှားနောင်တရ ။

* သာမညဖလ တန်ဆောင်တိုင်
နွဲ့ကြ ကထိန်မြိုင်
မသိုးသင်္ကန်း ပြိုင်ကပ်လှူကြ
နက္ခတ်ပွဲမည်ရ
ပုံသက္ကူပစ်တဲ့ ည ။ ။

ရွှေမင်းသား(စစ်ကိုင်း)

# စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

**ခန္တီး နိုဝင်ဘာ ၁၄**

လူငယ်များစာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် စာပေဖတ်ရှုခြင်းဖြင့် မိမိတို့ဘဝ တိုးတက်လှပစေရန် ယနေ့လူငယ် နောင်ဝယ်လူကြီးဖြစ်လာပြီး နိုင်ငံတော်၏ ပခုံးပြောင်းတာဝန်ထမ်းဆောင်လာမည့် သားကောင်း၊ သမီးကောင်း ရတနာလေးများဖြစ်လာစေရန် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ပြီး အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်သည့် မျိုးဆက်သစ်လူငယ်လေးများဖြစ်ထွန်းလာစေရန် စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာအထက်တန်းကျောင်းခွဲ(နားမေတ္တာ)တို့ ပူးပေါင်းကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေးလူငယ်စကားဝိုင်းကို နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ယင်းအခမ်းအနားတွင် ခရိုင်ပညာရေးမှူး ဒေါ်လှလှမြင့်က အမှာစကားပြောကြားပြီးနောက် ခရိုင်ဦးစီးမှူး ဒေါ်နန်းအေးခိုင်က စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ ဦးစီးအရာရှိ ဒေါ်သန်းထိုက်အောင်က ဦးဆောင်ဆွေးနွေးသူ Moderator အဖြစ်ဆောင်ရွက်ကာ Grade-12 မှ မောင်အွမ်းရှယ်က လူငယ်နှင့် ရည်မှန်းချက်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-12 မှ မောင်နိုင်လင်းအောင်က လူငယ်နှင့် အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-11 မှ မမျိုးသန္တာကျော်က လူငယ်နှင့်သုတစာပေခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-10 မှ မခင်ခင်ချစ်က လူငယ်နှင့်ရသစာပေခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြကာ အခမ်းအနားသို့ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ ကဏ္ဍအလိုက်ဆွေးနွေးကြသူများက ပြန်လည်ဖြေကြားခဲ့ပြီး လိုအပ်သည်များကို ခရိုင်ဦးစီးမှူးက ဖြည့်စွက်ဆွေးနွေးခဲ့သည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီးဒေါ်ယမင်းဖြူက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာအုပ်စာစောင် ၃၀ အုပ်အား လှူဒါန်းပေးခဲ့ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံခဲ့သည်။ ထို့နောက် သုတ၊ ရသစာအုပ်၊ စာစောင်ပြပွဲနှင့် နံရံကပ်ဓာတ်ပုံများ၊ အဆိုအမိန့်များကို ခရိုင်ပြန်/ဆက်ဌာနက ခင်းကျင်းပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာဖြင့် လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

**မိုင်းဖြတ် နိုဝင်ဘာ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်က အသိပညာပေး ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ ကလေးအလုပ်သမား၏ အဓိပ္ပာယ်၊ ယနေ့ခေတ်တွင် အကြောင်းအမျိုးမျိုးကြောင့် ကလေးသူငယ်များ အလုပ်ခိုင်းစေခြင်းခံရသည့် ဥပမာများကို ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အသက်အရွယ်မပြည့်သေးသည့်ကာလတွင် အလုပ်ခိုင်းစေခြင်း မခံရအောင် လိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများက သိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးခဲ့ရာ ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



# သတင်းပဒေသာ

## ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ရှိ ကလေးစာဖတ်ခန်း၌ ယမန်နေ့ မွန်းတည့် ၁၂ နာရီခွဲက ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပသည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပရာ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူများအား တာဝန်ရှိသူတို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ မျိုးဆက်သစ်လူငယ်များ အမျိုးသားနေ့ ပေါ်ပေါက်လာပုံနှင့် အမျိုးသားနေ့နှင့်ပတ်သက်သည့် အသိပညာဗဟုသုတများ ရရှိစေရန်ရည်ရွယ်၍ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်တွင် ကျရောက်မည့် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## စာဖတ်ရှိန်မြှင့်တင်ရေးအတွက် နယ်လှည့်အသိပညာပေး

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ကျောင်းပြင်ပအသိပညာဗဟုသုတတိုးပွားစေရန်၊ စာဖတ်သည့်အလေ့အထ ဖြစ်ပေါ်စေရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရန်ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက နယ်လှည့်အသိပညာပေး ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ကလေးစာဖတ်ဝိုင်းကို ယမန်နေ့ နံနက် ၁၀ နာရီက ရင်းရှည်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် ကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှစမ်းက အဖွင့်အမှာစကားပြောကြားသည်။ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ယုယုသိန်းက စာဖတ်ရှိန်မြှင့်တင်ရေးအတွက် နယ်လှည့်အသိပညာပေး လှုပ်ရှားဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဆိုလာပန့် နှစ်စုံ တပ်ဆင်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီး

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ် နန့်လှိုင်ကျေးရွာ၌ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်အစိုးရအဖွဲ့ဘဏ္ဍာရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် သီးထပ်သီးညှပ်နှင့် ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေရရှိရန် ၄ လက်မ PVC ပိုက် ပေ ၁၂၀ ရှိ တွင်းတိမ် သုံးတွင်း၊ မိုဘိုင်းဆိုလာနှင့် ဆိုလာပန့် နှစ်စုံ တပ်ဆင်ခြင်းလုပ်ငန်းအား ရာနှုန်းပြည့် တပ်ဆင်ပြီးစီးနေမှု အခြေအနေများကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများမှ ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြို့နယ်ရဲတပ်ဖွဲ့မှူး မိသားစုမှ ဆွမ်းဆန်တော်အစရှိသော လှူဖွယ်ဝတ္ထုများ လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၁၄**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ဒက္ခိဏာရာမဘုရားကြီးတိုက် လယ်ဝန်ကျောင်း ဆရာတော်ထံသို့ အလှူရှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး မိသားစုတို့က ဆွမ်းဆန်တော် အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်း အစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီက ဦးပွားဘုရားအတွင်းရှိ သာသနဝိပုလသိမ်တော်ကြီး၌ ပြုလုပ်သည်။



ရှေးဦးစွာ အခမ်းအနားကို ဆရာတော်၊ သံဃာတော်များ၊ အလှူရှင်မိသားစုနှင့် ပရိသတ်တို့က နမောတဿ (၃)ကြိမ် ရွတ်ဆိုဖွင့်လှစ်ပြီးနောက် လယ်ဝန်ကျောင်းဆရာတော်ဘဒ္ဒန္တပညာသီရိ(မဟာသဒ္ဓမ္မဇောတိကဓဇ)က ငါးပါးသီလချီးမြှင့်ပေးအပ်တော်မူသည်။ ဆက်လက်ပြီး အလှူရှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်ဝင်းကျော်၊ ဇနီး ဒေါ်ဆွေဆွေလှ၊ (သား) မောင်ပြည့်ဖြိုးဇော်၊ (သမီး)မဆုမြတ်နိုးခင်မိသားစုတို့က ဆရာတော်အား ဆွမ်းဆန်စိမ်းတော်အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းရာ ဆရာတော်မှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေသည်။

အဆိုပါ လှူဒါန်းပွဲသို့ ဦးပွားဘုရားဂေါပကအဖွဲ့နာယကများ၊ ဥက္ကဋ္ဌ ဦးမြင့်ဦး၊ အတွင်းရေးမှူး ဦးထွန်းလင်း၊ စာရင်းစစ်မှူး ဒေါ်မြင့်မြင့်စိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှ အရာရှိ အရာခံမိသားစုများ၊ အမှတ်(၁၁)ရဲစခန်းမှ စခန်းမှူး ဒုရဲမှူး ဦးခင်မောင်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ ဓမ္မာစကြာအဖွဲ့ ဒေါ်ငွေးကြည်၊ ဒေါ်ပပလှိုင်၊ ဦးဘိုးထိန်အောင်နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ပူဇော်ကြကြောင်း သိရသည်။ (ဝဲပုံ)

(ဝ၄၆)

## ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် အလှူငွေ ပေးအပ်

**မန္တလေး နိုဝင်ဘာ ၁၄**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်း ပြုလုပ်သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တကောသလ (ဓမ္မာစရိယ BA)က ရေစက်ချအနုမောဒနာတရားဟောကြားချီးမြှင့်ပြီး ဦးစံဝင်းအား ရည်စူး၍ မန္တလေး ၂၂ လမ်း၊ လမ်း၉၀နှင့် ၉၁လမ်းကြားနေ ဒေါ်ခင်လှိုင်(စိန်ပန်းမြိုင် သစ်စက်နှင့် သင်္ကန်းတိုက်)မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၁၀ သိန်း ဖြည့်စွက်လှူဒါန်းငွေကျပ် ၁၀ သိန်း စုစုပေါင်း ငွေကျပ် သိန်း ၂၀ ကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ အလှူရှင် မိသားစုက (၁၉)ကြိမ်မြောက်အဖြစ် ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသား၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကာ လှူဖွယ်ပစ္စည်းများကို တစ်ပါးချင်းစီ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ယာပုံ) (ဝ၃၆)**






**မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး ကန်ပတ်လမ်း၊ ဓီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အမရပူရ၊ ကန်တော်ရပ်နေ မယမင်း (၄၉)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ကျောက်ကပ်ဆေးနေသော သံဃာ၊ သီလရှင် (၁၀)ပါးအတွက် အလှူငွေကျပ် သုံးသိန်းငါးသောင်းကို လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုဓမ္မမဏိဇောတဓရ ဦးစိုးလင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်နှင့် ဆေးရုံအုပ် ဒေါက်တာ ဦးတင်ဝင်းတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့စဉ်။**

(ကဆ)

## (၁၇)ကြိမ်မြောက် စုပေါင်းဘုံကထိန်တော်သို့ ပဒေသာပင်နှင့် ဘုရား လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၁၄**

မန္တလေး၊ တောင်စလင်းတိုက်သစ်ဘာဝနာဌာန၊ ပဓာန နာယကဆရာတော်၊ နယ်စပ်တောင်တန်းဒေသ (၁၇)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်တော်၏ နာယကဆရာတော်၊ ဘဒ္ဒန္တတိက္ခ၊ အဘိဇမဟာရဋ္ဌဂုရု ဦးဆောင်သော ကထိန်သို့ ရပ်ဝေးရပ်နီးမှ လှူဒါန်းကုသိုလ်ပြုလျက်ရှိသည်။ မန္တလေး၊ အောင်မြေသာစံမြို့နယ်နေ အလှူရှင် မဟာသကျမာရဇိန်(ကျောက်တော်ကြီး)ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကနှင့် ဝန်ထမ်းများအဖွဲ့က ငါးသိန်းငါးသောင်းတန်ဖိုးရှိ ပဒေသာပင် ငါးပင် ယမန်နေ့က လှူဒါန်းကုသိုလ်ပြုရာ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းရုံး(မန္တလေး) ဥက္ကဋ္ဌဦးလှဝင်းနှင့်အဖွဲ့က လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။ အလားတူ မန္တလေးမြို့နေ အလှူရှင် ဦးစိုးမင်းနိုင်+ဒေါ်ဝေမာလွင်၊ (သမီး)မသွန်းသဉ္ဇာမင်းနိုင်၊ (သား)မောင်ဖွဲ့သီဟမင်းနိုင်မိသားစုက ပဒေသာပင် တစ်ပင်၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နေ အလှူရှင် ဦးထွန်းနိုင်အား ရည်စူး၍ ဒေါ်မိုးမိုးခိုင်မိသားစုက ပဒေသာပင် တစ်ပင်၊ မန္တလေး၊ အောင်သာယာနေ အလှူရှင် ဦးကျော်ထူး+ဒေါ်အုံးမြမိသားစုက ဗုဒ္ဓဉယျာဉ်မြတ်စွယ်တော်အတွက် ငွေကျပ် ခုနစ်သောင်းဖြင့် ဘုရားတစ်ဆူ၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်နေ ဝိန့်စိန် ရွှေရောင်းဝယ်ရေး ဝန်ထမ်းများဖြစ်သည့် အလှူရှင် မသော်သော်ဝင်း၊ မထွေးထွေးခိုင်၊ မစောသန္တာဝင်းတို့က စုပေါင်း၍ ကထိန်ပဒေသာပင် တစ်ပင် အသီးသီး လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(ကဆ)



# သာယာအေးမြ တန်ဆောင်မုန်းလ



### တောင်သူတို့၏ ရွှင်ပြုံးသောလ

တန်ဆောင်မုန်းလသည် မြန်မာလ ၁၂ လတွင် အဋ္ဌမမြောက်လဖြစ်သည်။ နွေ၊ မိုး၊ ဆောင်း ဟူ၍ မြန်မာဥတုသုံးပါးရှိရာ "ဆောင်းဥတု" ထဲပါသည့်လဖြစ်သည်။ မြန်မာတို့သည် ၁၂ လရာသီကို ဥတုသုံးပါးဖြင့် ခွဲခြားသတ်မှတ်လေ့ရှိရာ တစ်နိုင်ငံလုံးအတိုင်းအတာအရ တပေါင်းလ၊ တန်ခူးလ၊ ကဆုန်လနှင့် နယုန်လတို့မှာ "နွေဥတု"၊ ဝါဆိုလ၊ ဝါခေါင်လ၊ တော်သလင်းလနှင့် သီတင်းကျွတ်လ လေးလမှာ "မိုးဥတု"၊ တန်ဆောင်မုန်းလ၊ နတ်တော်လ၊ ပြာသိုလနှင့် တပို့တွဲလတို့မှာ "ဆောင်းဥတု" ဖြစ်ကြောင်း သတ်မှတ်သည်။ နိုင်ငံ့အထက်ပိုင်း၊ အလယ်ပိုင်း၊ အောက်ပိုင်းတို့၏ ရာသီဥတုအခြေအနေမှာ မတူကွဲပြားသည်။ ကျွန်ုပ်တို့ မန္တလေးဒေသသည် မြန်မာ့အလယ်ပိုင်းဒေသဖြစ်သော်လည်း အညာဒေသဟုခေါ်ဝေါ်လေ့ရှိသည့် နွေဥတုက ကာလပိုရှည်ကြာတတ်သည်။ အပူရှိန်ပြင်းသည်။ မိုးနည်းလေ့ရှိသည်။

သို့သော် ယခုနှစ် မိုးဥတုတွင်း မိုးရွာသွန်းမှုမှာ များလွန်းသည်။ အနောက်ဘက်ဘင်္ဂလားပင်လယ်အော်မှသာမက အရှေ့ဘက်မှလည်း တိုင်ဖွန်းမုန်တိုင်းလာသည်ဖြစ်၍ သီတင်းကျွတ်လကုန်၊ တန်ဆောင်မုန်းလဆန်းထဲသို့ပင် မိုးရွာနေခဲ့သည်။ တော်သလင်းလကုန်နှင့် သီတင်းကျွတ်လထဲ "ရာဂီ" တိုင်ဖွန်းမုန်တိုင်းကြီးကြောင့် ကျွန်ုပ်တို့ မြန်မာ့အလယ်ပိုင်းဒေသ ရေကြီး မြေပြိုဖြစ်ခဲ့ရသော်လည်း၊ မြန်မာ့ဓလေ့အရ ဝိုင်းဝန်း၍ ရေဘေးကယ်ဆယ်ခဲ့ကြသည်မှာ အများချီးကျူးခံကြရသည်။ ယခုတန်ဆောင်မုန်းလ ဒုတိယပတ်မှစ၍ မိုးလေကင်းစင်သွားလေပြီ။ အေးမြသာယာလှသည့် ဥတုသို့ရောက်ပြီဖြစ်၍ ပြည်သူအားလုံးဝမ်းသာကြည်နူးနေကြလေပြီ။ ကြည်နူးဝမ်းသာမှု အပြည့်စုံဆုံးမှာ တောင်သူလယ်သမားများဖြစ်ကြသည်။

### ဖုံးတုန်းလုံးတုန်းတန်ဆောင်မုန်း

ကျေးလက်နေ တောင်သူလယ်သမားမိသားစုမှာ မြန်မာ့လူဦးရေ ၅၆ သန်းကျော်၏ ၇၁ ရာခိုင်နှုန်းမျှရှိရာ မြန်မာ့လူများစုပင်ဖြစ်သည်။ တောင်သူလယ်သမားတို့သည် စပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှုကို မြန်မာ့ရိုးရာအစဉ်အလာအရ ခုံမင်လှသည်ဖြစ်၍ နှစ်စဉ်လုပ်ကိုင်သည့် စပါးစိုက်ပျိုးရေးတွက်ခြေကိုက်သည်ဖြစ်စေ၊ မကိုက်သည်ဖြစ်စေ၊ အဆင်းရဲခံ၊ ဒုက္ခခံ၊ စိုက်ပျိုးလေ့ရှိရာ၊ တောင်သူလယ်သမားတို့၏ကျေးဇူးကြောင့် ကျွန်ုပ်တို့ အသက်ရှင်နေကြရခြင်းပင် ဖြစ်သည်။

တောင်သူလယ်သမား ဦးကြီးတို့မှာ ယခုအခါ စပါးသာမက၊ သီးထပ်၊ သီးညှပ်များအဖြစ် ပဲအမျိုးမျိုး၊ ဝါဂွမ်း၊ နေကြာ၊ ဂျုံ၊ နှမ်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူးစသည့် စားသုံးဖွယ်ရာ သီးနှံများကိုပါ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ကြသည်။ ယခင်က ကျွဲ၊ နွားများသုံး၍ လူအပင်ပန်းခံ ထွန်ယက်စိုက်ပျိုးရာမှ ယခုအခါ စက်မျိုးစုံသုံးကာ စိုက်ပျိုးနိုင်ကြသည်။

အများဆုံး အဓိကထားစိုက်ပျိုးသည့် စပါးကို နှစ်စဉ် နွေစပါးရော၊ မိုးစပါးပါ သီးထပ်စိုက်ကြသည်။ မိုးစပါးစိုက်ရာတွင် လယ်ကွင်းများရှိ ကန်သင်းရိုးအစပ်တွင် တိုင်ထောင်ပဲ၊ ဗိုလ်ကိတ်ပဲ စိုက်သည်။ နွေစပါးစိုက်ရာတွင်မူ သီးညှပ်အဖြစ် နေကြာနှင့်ပဲစင်းငုံတို့ကို စိုက်လေ့ရှိသည်။ ယခုတန်ဆောင်မုန်းလထဲတွင်မူ စိုက်ပျိုးထားသော စပါးပင်(ကောက်ပင်)တို့မှာ ဒေသအလိုက် ဖူးငုံကြသည့် အခြေအနေရောက်ကြပြီး၊ စပါးမပွင့်မီဝတ်ရည်မတည်မီ နောက်ဆုံးစပါးရွက်က စပါးဖူးများကို မိုးအုပ်ပေးထားသဖြင့် လုံးဝန်းသော ဖူးတံများ အစီအရီပေါ်နေကြသည်။ စပါးပွင့်ချိန်မှာ တစ်ရက်၊ နှစ်ရက်သာဖြစ်၍ စပါးစိုက်တောင်သူများ လယ်တောရောက်သူများသာ စပါးပွင့်၏ သင်းသင်းပျံ့မွှေးလှသော ရနံ့ကို စွဲမက်စွာ ရှိုက်ရှူရလေ့ရှိသည်။

ထိုအချိန် ထိုစပါးပွင့်ဖူးသည်ကို အစွဲပြု၍ မြန်မာ့တောင်သူတို့က "ဖုံးတုန်း၊ လုံးတုန်းတန်ဆောင်မုန်း" ဟူ၍ ရွှင်ပြုံးစွာ ဆိုလေ့ရှိကြသည်။

### တန်ဆောင်မုန်းလနှင့် မြန်မာယဉ်ကျေးမှု

တန်ဆောင်မုန်းလတွင် မြန်မာ့ရိုးရာအစဉ်အလာပွဲတော်များ အခမ်းအနားများရှိသည်။ မသိုးသင်္ကန်းရက်လုပ်လှူဒါန်းပူဇော်ပွဲ၊ ကထိန်ပွဲ၊ မီးထွန်းပွဲ၊ ကျီးမနိုးပွဲ၊ ပုံသကူပစ်ပွဲ၊ ရှင်မာလဲပွဲနှင့် ကြာသင်္ကန်းကပ်လှူပူဇော်ပွဲတို့ ဖြစ်ကြသည်။ အဓိက နေ့ကြီးရက်ကြီးမှာ "သာမညဖလအခါတော်နေ့" ဖြစ်သည်။ မြန်မာဗုဒ္ဓဘာသာဝင်တို့၏ အခါတော်နေ့ကြီး ၁၃နေ့ကို ကျမ်းပြုဆရာတော် အရှင်ပညာသာမိ (မာဂဓီ-သာစည်)က ရေးသားပြုစုရာတွင် တန်ဆောင်မုန်းလပြည့်နေ့ကို "သာမညဖလအခါတော်နေ့" အဖြစ် ရေးသားပြုစုမှတ်တမ်းတင်ခဲ့သည်။

### သာမညဖလ အခါတော်နေ့

မြတ်စွာဘုရားရှင်သည် "သာမညဖလသုတ်တရားတော်" ကို တန်ဆောင်မုန်းလပြည့်နေ့ ညအခါသမယတွင် အဇာတသတ်မင်းကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ခြင်းဖြစ်သည်။

အဇာတသတ်မင်းသည် ဖခမည်းတော်ကို သတ်၍ ဘုရင်ဖြစ်လာသူဖြစ်ရာ နောင်မှ နောင်တရ၍ အများကြီးမှားခဲ့ရသည်ကို ဖြေမဆည်နိုင်ဘဲ ပူဆွေးသောကရောက်ခဲ့ရသည်။ ညတိုင်းအိပ်မပျော်ဘဲဖြစ်နေ၍ သမားတော်ကြီး ဇီဝက၏ အကြံပေးမှုအရ မာဂဓတိုင်းရာဇဂြိုဟ်ပြည်ရှိ ဇီဝက လှူဒါန်းသော သရက်တောဥယျာဉ်တွင် သီတင်းသုံးနေသည့် မြတ်စွာဘုရားထံ ရောက်ခဲ့ရသည်။ ကျိုးကြောင်းကို လျှောက်ထားခဲ့သည်။ အဇာတသတ်ရောက်ရှိလာသည့်အချိန်မှာ အလွန်တိတ်ဆိတ်ပြီး ဘုရားသခင်နှင့်ရဟန်းတော်တို့၏ ကြည်ညိုဖွယ်ကို မြင်တွေ့ရာမှ အဇာတသတ်က ဘုရားရှင်အား "ရဟန်းပြုရခြင်းအကျိုး" ကို မေးမြန်းလျှောက်ထားခဲ့သည်။ မြတ်စွာဘုရားက ရဟန်းပြုခြင်း၏ အကျိုးကို ဟောတော်မူပြီးသောအခါ အဇာတသတ်သည် ရဟန်းတို့ကို အလွန်ကြည်ညိုကာ သာသနာ့ဒါယကာ အဖြစ်ရောက်ရှိခဲ့သည်။ ဤသို့ ဘုရားရှင်ဟောကြားခဲ့သည့် "ရဟန်းပြုခြင်း၏အကျိုး" "မဟာသာမညဖလသုတ်တော်" ရွတ်ဆိုပူဇော်ပွဲများကို နှစ်စဉ်တန်ဆောင်မုန်းလပြည့်နေ့တွင် အခမ်းအနားများ ကျင်းပကြသည်မှာ ယနေ့တိုင်ဖြစ်သည်။

### သာယာအေးမြ တန်ဆောင်မုန်းလ

ယခုနှစ်ပြီးခဲ့သည့် သီတင်းကျွတ်လက မိုးလေကင်းစင်ချိန်ကာလများအတွင်း မြန်မာနိုင်ငံအနှံ့တန်ခိုးကြီးဘုရား၊ စေတီ၊ ရုပ်ပွားတော်များ၏ ဗုဒ္ဓပူဇနိယဘုရားပွဲများ ကျင်းပရာ ကြက်ပျံမကျ စည်ကားလှသည်။ ဗုဒ္ဓသာသနာကို ကြည်ညိုအားပေးသူများဖြင့် စည်ကားလှသည်။ ကျွန်ုပ်တို့မန္တလေးဒေသတွင်လည်း ကျောက်တော်ကြီးဘုရားသုံးဆူပူဇော်ပွဲမှအစ အထက်မြန်မာနိုင်ငံတစ်ဝန်းပွဲတော်များ စည်ကားလှသည်။

ယခုတန်ဆောင်မုန်းလထဲတွင် မသိုးသင်္ကန်းရက်လုပ်လှူဒါန်းပူဇော်ပွဲ၊ မီးထွန်းပွဲ၊ ရှင်မာလဲပွဲ၊ ကြာသင်္ကန်းကပ်လှူပွဲများအပြင် "သာမညဖလအခါတော်နေ့" ကိုလည်း အခမ်းအနားများဖြင့် ကျင်းပလျက်ရှိနေရာ နိုင်ငံအဝန်းသာယာ အေးချမ်းသည့် ကာလဖြစ်ပါစေကြောင်း တင်ပြအပ်ပါသည်။

ဆရာစန်း(မန်းမြို့သစ်)

တန်ဆောင်မုန်းလတွင် မြန်မာ့ရိုးရာအစဉ်အလာပွဲတော်များ အခမ်းအနားများရှိသည်။ မသိုးသင်္ကန်းရက်လုပ်လှူဒါန်းပူဇော်ပွဲ၊ ကထိန်ပွဲ၊ မီးထွန်းပွဲ၊ ကျီးမနိုးပွဲ၊ ပုံသကူပစ်ပွဲ၊ ရှင်မာလဲပွဲနှင့် ကြာသင်္ကန်းကပ်လှူပူဇော်ပွဲတို့ ဖြစ်ကြသည်။ အဓိက နေ့ကြီးရက်ကြီးမှာ "သာမညဖလအခါတော်နေ့" ဖြစ်သည်။ မြန်မာဗုဒ္ဓဘာသာဝင်တို့၏ အခါတော်နေ့ကြီး ၁၃နေ့ကို ကျမ်းပြုဆရာတော် အရှင်ပညာသာမိ (မာဂဓီ-သာစည်)က ရေးသားပြုစုရာတွင် တန်ဆောင်မုန်းလပြည့်နေ့ကို "သာမညဖလအခါတော်နေ့" အဖြစ် ရေးသားပြုစုမှတ်တမ်းတင်ခဲ့သည်။



## ရဲမွန်တောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး ပထမအကြိမ် စုပေါင်းမဟာဘုံကထိန် ခင်းကျင်း

**မန္တလေး နိုဝင်ဘာ ၁၄**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၏ ပထမအကြိမ် စုပေါင်းမဟာဘုံကထိန် ခင်းကျင်းခြင်းကို ယနေ့ နံနက် ၇နာရီက မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် ၅၉လမ်း ၃၉လမ်းနှင့် လမ်း၄၀ကြား ဣန္ဒာသယဘုန်းကြီးကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ဘဒ္ဒန္တ သေဋ္ဌိလထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ကထိန်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ဣန္ဒာသယဘုန်းကြီးကျောင်းဆရာတော် ဘဒ္ဒန္တ သေဋ္ဌိလအမှူးရှိသော ပုရိမဝါမှ ထမြောက်တော်မူကြသည့် သံဃာတော်များအား ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက ကထိန်လျာ သင်္ကန်းနှင့်ဝတ္ထုငွေများ၊ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။



ရဲမွန်တောင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ပထမအကြိမ် စုပေါင်းမဟာဘုံကထိန်တော်တွင် ကထိန်မ,တည်အလှူငွေ၊ လှူဖွယ်ပစ္စည်းပဒေသာပင်များ၊ ဆွမ်းနှင့် ဧည့်ခံကျွေးမွေးမှုများအတွက် စုစုပေါင်းအလှူငွေ ကျပ် ၈၆၅၀၀၀၀ လှူဒါန်းနိုင်ခဲ့သည်။

အဆိုပါကျောင်းတွင် ကထိန်အောင်ပွဲအဖြစ် နိုဝင်ဘာ ၁၃ရက် ည၆နာရီတွင် မြို့မတီးဝိုင်းဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြောင်း သိရသည်။ (အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)



## စုပေါင်းဘုံကထိန်လျာ သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**သရက် နိုဝင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ စုပေါင်းဘုံကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပခြင်းကို ယနေ့ နံနက် ၉ နာရီခွဲက မြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် နမောတဿ(၃)ကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီး သရက်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြခဲတောင်ကျောင်း ဆရာတော်ဘဒ္ဒန္တ သီလဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မြို့နယ်သံဃနာယကအဖွဲ့ အထွေထွေအသုံးစရိတ်အလှူငွေ ကျပ် ၂၅သိန်းနှင့် ကထိန်အာနိသင်ရရှိသည့် ကျောင်းအား ကထိန်အလှူငွေကျပ် သိန်း ၃၀အား ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ပင့်သံဃာဆရာတော်များအား နဝကမ္မအလှူငွေများ ဆက်ကပ်ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ပင့်သံဃာဆရာတော်များမှ ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူခဲ့သည်။ ဆက်လက်၍ မြို့နယ်သံဃနာယက မြခဲတောင်ကျောင်းဆရာတော် ဘဒ္ဒန္တသီလဝံသထံမှ ကထိန်အနုမောဒနာတရားနာယူခဲ့ကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

စော်ထက်(သရက်)

၀-၀-၀-၀-၀-၀-၀-၀

## ပတ်ဝန်းကျင်လေထုအရည်အသွေးညွှန်းကိန်းနှင့် ရောဝတီမြစ်ရေ အရည်အသွေးရလဒ်များအား ထုတ်ပြန်ပေး

**ကသာ နိုဝင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ မြို့နယ်အတွင်း ပတ်ဝန်းကျင်လေထု အရည်အသွေးညွှန်းကိန်းနှင့် ဧရာဝတီမြစ်၏ ရေ အရည်အသွေးတိုင်းတာမှုရလဒ်များကို လစဉ်ထုတ်ပြန်ကြေညာပေးလျက်ရှိသည်။

ကသာခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရပ်ကွက်(၉)နှင့် ရပ်ကွက်(၅)တို့တွင် အပတ်စဉ် ပတ်ဝန်းကျင် လေထုအရည်အသွေးတိုင်းတာမှုရလဒ် အပေါ် အကြံပြုချက်များမှာ စွန့်ပစ်အမှိုက်များကို စည်းကမ်းမဲ့ မီးရှို့ခြင်းမှ ရှောင်ကြဉ်ရန် 3Rs (Reduce, Reuse, Recycle) စနစ်အား လိုက်နာကျင့်သုံးရန်၊ လမ်းဘေးဝဲ၊ ယာ၊ အများပိုင်နေရာများ၊ ရုံးဝင်းအတွင်း အရိပ်ရလေကာပင်များ စိုက်ပျိုးပြုစုပျိုးထောင်ရန်၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများအတွက် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိသူများအနေဖြင့် တတ်နိုင်သမျှ နေအိမ်အတွင်း နေထိုင်ကြရန်၊ အပြင်သို့ ထွက်ခွာသွားလာရန်လိုအပ်ပါက တစ်ကိုယ်ရည်ကာကွယ်ရေးအသုံးအဆောင်ပစ္စည်းဖြစ်သည့် (နှာခေါင်းစည်း) များအား ဝတ်ဆင်၍ သွားလာကြရန် ထုတ်ပြန်ကြေညာထားကြောင်း၊ ကသာမြို့နယ် စေတီကုန်းနှင့် ကပ္ပလိပ်ရွာကြား၊ သဖန်းကိုင်းနှင့် ဘိုကုန်းရွာကြားတို့တွင် တိုင်းတာချက်များအရ ဧရာဝတီမြစ်၏ ရေအရည်အသွေးတိုင်းတာမှု ရလဒ်များမှာ PH, Conductivity.DO TDS, Turbidity တန်ဖိုးများမှာ သတ်မှတ်စံချိန်စံညွှန်းအတွင်း တည်ရှိနေပြီး Fresh Water ဖြစ်ကြောင်း ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ သိရသည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း အပတ်စဉ် ပတ်ဝန်းကျင် လေထုအရည်အသွေးနှင့် ဧရာဝတီမြစ်၏ ရေအရည်အသွေး တိုင်းတာရရှိသည့် ရလဒ်များကို ပြည်သူအများ သိရှိနိုင်စေရန် ကားဂိတ်များ၊ ဈေးများ၊ ကြော်ငြာဆိုင်းဘုတ်များနှင့် မိမိတို့၏ လူမှုမီဒီယာကွန်ရက်များတွင် ထုတ်ပြန်ပေးလျက်ရှိပါကြောင်း ကသာခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀-၀-၀

၀-၀-၀-၀-၀

## ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာသီးနှံ ၂၇၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ပွင့်ဖြူ နိုဝင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ပြည်သူများ စားသုံးဆီဖူလုံပိုလျှံစေရေးအတွက် ဒေသခံတောင်သူများက အောက်တိုဘာလက စတင်၍ ဆောင်းသီးနှံနေကြာအား စိုက်ပျိုး လျက်ရှိရာ ယနေ့ထိ နေကြာသီးနှံ ၂၇၂၄ ဧက စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်းနှင့်အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနေကြာစိုက်ဧက ၁၂၈၀၅ ဧက စိုက်ပျိုးရန်လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်စိုက်ဧက ပြည့်မီစေရန် ယခုနှစ် အောက်တိုဘာပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ နေကြာသီးနှံ ၂၇၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ပြည်တွင်းဆီစားသုံးမှုဖူလုံစေရန်နှင့် တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေရန် ရည်ရွယ်ပြီး နေကြာသီးနှံ ၁၂၈၀၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၂၇၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နေကြာသီးနှံ စိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး အထွက်နှုန်းများတိုးတက်ရေးနဲ့ အရည်အသွေးကောင်းမွန်စေရေးအတွက် ဒေသနဲ့ ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်အောင် ကူညီဆောင်ရွက်ပေးပါတယ်။ ဒေသခံတောင်သူတွေက နေကြာသီးနှံကို သီးသန့်စိုက်ပျိုးကြသလို နှစ်သီးစားဝင်ငွေတိုးပွားစေရန် အခြားသီးနှံများနဲ့ရောနှောကာ သီးညှပ်စိုက်ပျိုးကြပါတယ်။ စိုက်ပျိုးရေအဆင်ပြေတဲ့အတွက် နေကြာသီးနှံစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ဆီထွက်သီးနှံနေကြာစိုက်ပျိုးရေး လုပ်ငန်းအား စိုက်ပျိုးစရိတ် အကုန်အကျသက်သာပြီး သီးနှံဝင်ငွေ ပိုမိုရရှိသည့်အတွက် (နွေ၊ မိုး၊ ဆောင်း)တစ်နှစ်ပတ်လုံး အားထားစိုက်ပျိုးလုပ်ကိုင်ကြသည်။ ယခုနှစ် ဆောင်းရာသီတွင် စိုက်ပျိုးရေးဦးစီးဌာနက ဆီထွက်သီးနှံနေကြာ စိုက်ပျိုးတောင်သူများကို သီးနှံအထွက်နှုန်းတိုးတက်ရေး၊ အရည်အသွေးကောင်းသော သီးနှံများ ထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များရရှိအောင် ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်များ မှန်ကန်ရေးနှင့် သွင်းအားစုပစ္စည်းများ စနစ်တကျသုံးစွဲတတ်စေရေး အသိပညာပေးခြင်းစသည့် စိုက်ပျိုးရေးဆိုင်ရာများကို တောင်သူများနှင့် ပူးပေါင်းကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ယာပုံ)(၄၄၅)



## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုင်းယောင်း နိုဝင်ဘာ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မုန်းလိုက်ကျေးရွာအုပ်စု၊ ရှေခင်ကျေးရွာ ဒေင်နွားမွေးမြူရေးလုပ်ငန်းကို ယမန်နေ့က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာတင့်တင့်လွင်၊ သမဝါယမ ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနွယ်၊ စီမံကိန်း ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ခမ်းနှင့် တာဝန်ရှိသူများသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ သန်း ၆၀ဖြင့် ဒေင်နွားမွေးမြူရေး လုပ်ငန်းအစုအဖွဲ့မှ ဆောင်ရွက်နေသည့်နွားခြံ ၁ခြံ၊ တိရစ္ဆာန်အစာပင် နေပီယာမြက် ၅ဧကစိုက်ပျိုးထားမှုနှင့် နွား ၁၉၅ကောင် မွေးမြူထားရှိမှုအခြေအနေအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းတွင် ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းနှစ်ထပ်ကျောင်းဆောင်သစ်အတွက် အလှူငွေဆက်ကပ်လှူဒါန်းနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပပြီး ထေရဝါဒဗုဒ္ဓသာသနာပြု (ကော်ဆမ်မိန်း)ကျောင်းဆရာတော်အား အလှူငွေကျပ် ၅သောင်း သွားရောက် ဆက်ကပ်လှူဒါန်းခဲ့သည်။

ယင်းနောက် ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းတွင် စုပေါင်းမဟာဘုံကထိန်ကျင်းပနိုင်ရေး ပြင်ဆင်ထားမှုအပေါ် လိုအပ်သည်များကို ထေရဝါဒဗုဒ္ဓသာသနာပြု (မိုင်းဟန်)ကျောင်းဆရာတော်၊ မြို့နယ်လျှပ်စစ်၊ ဂေါပကအဖွဲ့စုစုပေါင်းအင်အား ၇ဦးဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၅၀၅)



## မီးခိုး၊ မြူငွေ့လျော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပျော်ဘွယ် နိုဝင်ဘာ ၁၄**

ပျော်ဘွယ်မြို့နယ်၊ သစ်တောဦးစီးဌာနမှ မီးခိုး၊ မြူငွေ့လျှော့ချရေးနှင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေး ဟောပြောခြင်းကို နိုဝင်ဘာ ၁၂ရက်၊ နံနက် ၁၀ နာရီခွဲက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း (ပန်းစုံ)တွင် ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးမှူး ဦးအောင်ခင်ဦးက မီးခိုး၊ မြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာများ၊ မီးခိုးနှင့်မြေငွေ့ပေါင်းစပ်ခြင်းကြောင့်ဖြစ်ပေါ်လာမည့် အန္တရာယ်များ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုဖြစ်ပေါ်လာရခြင်းအကြောင်းအရင်းများ၊ မီးခိုးမြူငွေ့ကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးလာမှုအခြေအနေများကို ရှင်းလင်းဟောပြောသည်။

မြို့နယ်သစ်တောဦးစီးဌာနအနေဖြင့် မီးခိုး၊ မြူငွေ့လျှော့ချရေးနှင့်ပတ်သက်၍ အသိပညာပေးလုပ်ငန်းများကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကျေးရွာများတွင် စီမံချက်လုပ်ငန်းတစ်ခုအနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**မင်းမင်းထွေး(ပျော်ဘွယ်)**

## စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးစပါးဧက ၁၈ သိန်းကျော် စိုက်ပျိုးထား

**စစ်ကိုင်း နိုဝင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးစပါးဧက ၁၈ သိန်းကျော် စိုက်ပျိုးထားရာ လတ်တလော ဧက ၁၄၀၀၀ ကျော်ရိတ်သိမ်းထားပြီးဖြစ်ကြောင်း စစ်ကိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး (၁၄)ခရိုင်တွင် ယခုနှစ်မိုးစပါး ၁၈၀၈၂၅၇ ဧက လျာထားစိုက်ပျိုးခဲ့ရာ ယခုအခါ ၁၄၇၇၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်သည်။

"မော်တီ-၂၊ ဆင်းဧကရီ-၃၊ ဧရာမင်း၊ ဆင်းသုခ၊ မနောသုခ၊ ရွှေဘိုပေါ်ဆန်း၊ တောင်ယာစပါး၊ ရက်(၉၀)၊ ကောက်ညှင်း၊ GW-11၊ ရွှေသွယ်ရင်၊ လုံးသွယ်မွှေး၊ ရွှေရင်အေး၊ YSR-1 မျိုးတွေ စိုက်ကြတာပါ။ အထွက်နှုန်းကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေးတို့အတွက် စံကွက်များ၊ စမ်းသပ်ကွက်များကို စိုက်ပျိုးထားရှိပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနတာဝန်ရှိသူတစ်ဦးက ပြောသည်။

တောင်သူလယ်သမားများ မိုးစပါးစိုက်ပျိုးရာသီတွင် သီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် လိုအပ်သောစိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ၊ သွင်းအားစုများ၊ သီးနှံမျိုးစေ့များ ကူညီထောက်ပံ့ခြင်းများကို တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ အနီးကပ်ကြီးကြပ်လမ်းညွှန်မှု ဖြင့် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကူညီထောက်ပံ့ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ၇၂၄၁၈ ဧက၊ တမူးခရိုင်တွင် ၄၈၇၁၆ ဧက၊ ကလေးခရိုင်တွင် ၁၇၆၆၅၉ ဧက၊ ခန္တီးခရိုင်တွင် ၈၂၇၉ ဧက၊ ဟုမ္မလင်းခရိုင်တွင် ၆၃၈၁၄ ဧက၊ နာဂဒေသတွင် ၂၅၄၂၈ ဧက၊ မုံရွာခရိုင်တွင် ၇၃၈၆၆ ဧက၊ ယင်းမာပင်ခရိုင်တွင် ၁၀၂၈၃၁ ဧက၊ ရွှေဘိုခရိုင်တွင် ၃၄၅၉၃၁ဧက၊ ရေဦးခရိုင်တွင် ၂၉၅၆၁၄ ဧက၊ ကန့်ဘလူခရိုင်တွင် ၁၈၅၀၅၇ ဧက၊ စစ်ကိုင်းခရိုင်တွင် ၄၃၈၁၉ ဧက၊ ကသာခရိုင်တွင် ၁၇၃၁၅၂ ဧက၊ ကောလင်းခရိုင်တွင် ၁၉၂၆၇၃ ဧက၊ စုစုပေါင်း ၁၈၀၈၂၅၇ ဧကကို မေလဆန်းမှ စတင်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မိုးစပါးရိတ်သိမ်းရာတွင် တစ်ဧကပျမ်းမျှအထွက်နှုန်း ၆၃ ဒသမ ၇၂ ရာခိုင်နှုန်းဖြင့် စုစုပေါင်းစပါးတင်းပေါင်း ၉၄၁၄၀၈ ထွက်ရှိကာ ကျန်ရှိမိုးစပါးများကို ဇန်နဝါရီလကုန်အထိ ဆက်လက်ရိတ်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(၁၉၄)**

## နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် မွေးမြူထားသည့် နို့စားနွားများ တိုးပွား၍ နို့စားနွားမွေးမြူသူများ အဆင်ပြေလျက်ရှိ

**မိတ္ထီလာ နိုဝင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာ ၆ ရွာတွင် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် မွေးမြူထားသည့် နို့စားနွားများ တိုးပွားလာ၍ နို့စားနွား မွေးမြူသူများ အဆင်ပြေလျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ်တွင် ကျေးလက် နေပြည်သူများ စိုက်ပျိုးမွေးမြူရေးထုတ်လုပ်သူများနှင့် အသေးစား၊ အငယ်စားနှင့်အလတ်စား လုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများ ရရှိစေပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် ဒေသထွက်ကုန်အပေါ် အခြေခံသည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေပြီး အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ နို့စားနွားမွေးမြူခြင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၃၀၀ စုစုပေါင်းထောက်ပံ့ ရန်ပုံငွေသိန်း ၁၈၀၀ဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာ ၆ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ၎င်းနို့စားနွားမွေးမြူခြင်းကို မြစ်မိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဥယျာဉ်၊ မကျီးပင်ပု၊ အုတ်ကျင်း ကန်သာအေးကျေးရွာနှင့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF)ဖြင့် ပေါက်ပင်သာ၊ မုန်ပင်ဆည်ကျေးရွာ စုစုပေါင်း ၆ ရွာတို့မှ သက်မွေးအစုအဖွဲ့ ၂၄ ဖွဲ့တို့တွင် နို့စားနွားကောင်ရေ ၉၂ ကောင် မွေးမြူထားပြီး နို့စားနွားမွေးမြူရာတွင်လည်း ဒေသစပ်မျိုးနှင့် နိုင်ငံခြားမျိုး(ဂျာစီဖရီရှန်) နွားမျိုးများကို မွေးမြူထားရှိသည်။

အဆိုပါ နို့စားနွားများအနက်မှ နို့စားနွား ၉ ကောင်မှ နို့စားနွားများ တိုးပွားလာသည့်အပြင် ယင်းနို့စားနွားများမှ နွားနို့များ စတင်ရရှိပြီဖြစ်၍ နို့စားနွားမွေးမြူသူများ နွားနို့များ စတင်ရောင်းချရပြီဖြစ်ရာ နို့စားနွားမွေးမြူသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၆၉)**


၀-၀-၀-၀-၀-၀-၀-၀



ရောဂါကင်းစင် စိတ်လန်းရွှင်
အမြင်လည်းလှ
သန့်ရှင်းကြ။

## ကျန်းမာရေးရာ ထိပ်တန်းသုတများ(၅)

- ♦ **နှလုံးသွေးကြောကျဉ်းခြင်း ဖြစ်ပွားစေသည့် အကြောင်းရင်းများမှာ**
  - သွေးထဲတွင် ကိုလက်စထရော(ခေါ်)အဆီဓာတ်များ များနေခြင်း၊
  - ရှိသင့်သည့် ကိုယ်အလေးချိန်ပမာဏထက် များခြင်း၊
  - သွေးတိုးနှင့်ဆီးချို၊ သွေးချိုရောဂါများ ရှိနေခြင်း၊
  - မျိုးရိုးတွင် နှလုံးရောဂါရှိခြင်း၊
  - အမျိုးသမီးများ ပဋိသန္ဓေတားဆေးများ သုံးစွဲခြင်း၊
  - ဆေးလိပ်၊ အရက်နှင့်မူးယစ်ဆေးဝါးများ သုံးစွဲခြင်း၊
  - စိတ်ဖိစီးမှုများခြင်း စသည်တို့ ဖြစ်သည်။
- ♦ **နှလုံးသွေးကြောကျဉ်းခြင်းကို လူနေမှုပုံစံပြောင်းလဲခြင်း၊ ဆေးဝါးမှီဝဲခြင်းတို့ဖြင့် ကာကွယ်ကုသနိုင်ပါသည်။**
  - အဆီအဆိမ့်များကို ရှောင်ကြဉ်ရမည်။
  - ပုံမှန်လမ်းလျှောက်ခြင်း၊ သင့်တင့်သော ကိုယ်လက်လှုပ်ရှားပြုလုပ်ပြီး ကိုယ်အလေးချိန်ထိန်းသိမ်းရမည်။
  - သွေးမတိုးစေရန် ဆီးချို၊ သွေးချိုကို ဆေးဝါး၊ အစားအစာတို့ဖြင့် ထိန်းချုပ်ရမည်။
- ♦ **ဆေးလိပ်၊ အရက်နှင့်မူးယစ်ဆေးဝါးသုံးစွဲခြင်းများ လုံးဝရှောင်ကြဉ်ရမည်။**
- ♦ **စိတ်ဖိစီးမှုနည်းအောင် တရားထိုင်ခြင်း၊ ယောဂကျင့်ခြင်းများ ပြုလုပ်ရမည်။**
- ♦ **နှလုံးရောဂါကို ကာကွယ်နိုင်သည့် ဆေးဝါးဓာတ်စာများ သောက်သုံးမှီဝဲရပါမည်။**
  - နေ့စဉ် အစေ့အဆန်တစ်အောင်စ(အစိတ်သားခန့်)စားပေးပါ။ အစေ့အဆန်စားခြင်းဖြင့် ကောင်းသော ကိုလက်စထရောလ်ကို မြင့်တက်စေပြီး သွေးကြောများ ရောင်ရမ်းမှုကို ကျစေပါသည်။
  - တစ်ပတ်လျှင် ခရမ်းချဉ်သီးဆော့စ် ဟင်းစားဇွန်း ၁၀ ဇွန်းထက်မနည်း စားပေးပါ။ ခရမ်းချဉ်သီးဆော့စ်တွင် ပါရှိသည့် ပိုတက်စီယမ်ဓာတ်က သွေးပေါင်ချိန်ကို သိသိသာသာ လျှော့ချပေးနိုင်ခြင်းကြောင့် ဖြစ်သည်။
- ♦ **သွားနှင့်ခံတွင်းသန့်ရှင်းရေး ဂရုပြုလုပ်ဆောင်ပါ။ သွားဖုံးကျန်းမာရေး ကောင်းမွန်မှသာ သွားခြေပိုးဝင်မှုမရှိဘဲ သွေးကြောရောင်ရမ်းခြင်းမျိုးမဖြစ်စေဘဲ နှလုံးကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသည်။**




- ♦ **နေ့စဉ် စားသုံးသည့် အဆီများ၌ ပြည့်ဝဆီ စားသုံးမှုကို တစ်နေ့လျှင် ၂၀ ဂရမ်(တစ်ကျပ်ခွဲသား)ထက် မပိုစေသင့်ဟု ဆိုထားသည်။ ပြည့်ဝဆီအများစုသည် ကျန်းမာရေးနှင့် မညီညွတ်သောကြောင့် ဖြစ်သည်။**

ပြည့်ဝဆီအများစုသည် တိရစ္ဆာန်ထွက်အဆီများဖြစ်သည်။

မပြည့်ဝဆီအများစုမှာ အပင်နှင့် ငါးများမှ ရရှိသော အဆီများဖြစ်သည်။ ကျန်းမာရေးနှင့်ညီညွတ်စေရန် မပြည့်ဝဆီကိုသာ စားသုံးပြီး ပြည့်ဝဆီနှင့် တစ်ဝက်တစ်ပျက် အကြော်ခံဆီ(သို့မဟုတ်) အသွင်ပြောင်းဆီတို့ကို တတ်နိုင်သမျှ ရှောင်ကြဉ်ရပါမည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး(WHO)အပါအဝင် များစွာသော ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများမှ ပြည့်ဝဆီ စားသုံးခြင်းကို လျှော့ချခြင်းသည် နှလုံးကျန်းမာရေးကို မြင့်တင်ရာရောက်ပြီး နှလုံးသွေးကြောဆိုင်ရာ ရောဂါများ ဖြစ်ပွားမှုအန္တရာယ်လျော့နည်းစေသည်ဟု ထောက်ခံထားသည်။

- ကောင်းသော ကိုလက်စထရော(လ်)(HDL)ပမာဏကို အမြဲစစ်ဆေးပြီး ပမာဏ ၅၀နှင့်အထက် ရှိနေသင့်သည်ဟု ဆိုထားသည်။
- နေ့စဉ် ဟင်းသီးဟင်းရွက်နှင့် အသီးအနှံအစုံ ၉ မျိုးခန့် စားသင့်သည်ဟု လမ်းညွှန်ထားပါသည်။

**မျိုးဦး**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၄၈)၊ ဦးပိုင်အမှတ်(၆၁-ခ)မြေကွက်သည် ဦးကျော်ဇော အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်ထဲရှိ မြောက်ဘက်ခြမ်းပေ(၁၅×၄၀)အကျယ်အဝန်းရှိသော မြေနှင့်အိမ်၊ ရေတိုင်၊ မီးအပါအဝင် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်ခင်ညိုနှင့်ဒေါ်သီဝေထွန်းတို့ထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နွယ်ဝင်း(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
**တတ-၄၆/၁၆၊ ၅၇စီလမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား(စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၅)၊ ဦးပိုင်အမှတ်(၂၄)မြေကွက်သည် ဦးလှဆောင် အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်ထဲရှိ မြောက်အစွန်ဆုံး၏ တောင်ဘက်ခြမ်းပေ(၁၅×၄၀)အကျယ်အဝန်းရှိသော မြေနှင့်အိမ်၊ ရေတိုင်၊ မီးအပါအဝင် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိနေထိုင်ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဦးကျော်စိုးထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နွယ်ဝင်း(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
**တတ-၄၆/၁၆၊ ၅၇စီလမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား(စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ် (ဘဘ-၁၇)၊ ဦးပိုင်အမှတ်(၂၂)၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဦးထွန်းဦး၊ ဦးထွန်းဝင်းအောင် အမည်ဖြင့် ချထားရရှိသောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီနှစ်ထပ်အဆောက်အအုံ၏ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူများဖြစ်သော (၁) ဒေါ်မွန်မွန်ကြည် (ဘ)ဦးတင်မောင်(၉/မရမ(နိုင်)၀၆၈၈၃၃)၊ (၂) ဦးအာကာအောင်(ဘ)ဦးအောင်ကြိုင်(၁၂/မရက(နိုင်)၁၃၁၀၄၅)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရတနာပုံရပ်ကွက်၊ အကွက်အမှတ် (တတ-၃၇)တွင် တည်ရှိသော ဦးပိုင်အမှတ်(၃၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆိုပြု ကမ်းလှမ်းရောင်းချသူ ဒေါ်စုမြတ်သိန်း(၅/စကန(နိုင်)၂၂၂၅၁၃)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြုသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဦးလူမိုး(ဥပဒေဘွဲ့) ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဒ-၁၁/၄၁+၄၄)၊ ၆၃Aလမ်း၊ ၃၉Aလမ်းနှင့် လမ်း ၄၀ကြား၊**
**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း 09-2070007၊ 09-792070007၊ 09-43250000**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၈၄)၊ ဦးပိုင်အမှတ်(၆၄) ဂရန်မြေကွက်၏ အလယ်ပိုင်း ဧရိယာ(၀. ၀၃၀၂)ဧက အကျယ်အဝန်းရှိမြေကွက်နှင့် မြေပေါ်ရှိ အဆောက်အဦး(ရေ+မီး) အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ်(၁၄၇၆/၁၉၉၉)အရ ဦးစောငွေးမှ ဥပဒေနှင့်အညီ ပိုင်ဆိုင်ခဲ့ကြောင်း၊ ဦးစောငွေးသည် ပထမအိမ်ထောင် ဒေါ်အုန်းကြည်နှင့် သားသမီး(၇)ဦး မွေးဖွားခဲ့ကြောင်း၊ ဒေါ်အုန်းကြည် ကွယ်လွန်သွားသဖြင့် ဦးစောငွေးသည် နောက်အိမ်ထောင် ဒေါ်ညိုကြည်နှင့် တစ်ဦးတည်းသောသား ဦးသက်ဦးဇော်အား မွေးဖွားခဲ့ကြောင်း၊ ယခုအချိန်တွင် ဦးစောငွေးနှင့် ဒေါ်ညိုကြည်တို့ ကွယ်လွန်သွားခဲ့ကြပြီးဖြစ်သဖြင့် အထက်ဖော်ပြပါ ဂရန်မြေကွက်အား ပထမအိမ်ထောင်နှင့်မွေးဖွားသည့် မောင်နှမ(၇)ဦးနှင့် ဒုတိယအိမ်ထောင်မှမွေးဖွားသည့် ဦးသက်ဦးဇော်တို့ မောင်နှမ(၈)ဦးတည်းသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ထားသည့် အမွေဆိုင်မြေကွက်ဖြစ်ပါသည်၊ အဆိုပါဂရန်မြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဦးသက်ဦးဇော်၏ သဘောတူခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ရောင်းချရန်အတွက် စရန်ငွေရယူထားခြင်း၊ လှူဒါန်းခြင်း၊ အခြားနည်းလွှဲပြောင်းခြင်းတို့ မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူတွင်သာ တာဝန်အပြည့်အဝရှိမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်၊

**ဦးသက်ဦးဇော်၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးအောင်ကျော်ဖြိုး LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၇၂/၂၀၁၂)**
**အမှတ်(၁၂၄)၊ ၃၆ လမ်း၊ ၇၈×၇၉ လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း ၀၉ - ၂၀၃၄၇၅၉**

## အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိ ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့်(ပုံစံ-၇) ရရှိထားသူများနှင့် မြေခွန်ပြေစာဖြင့် မြေနုစိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိထားသူများ သိရှိနိုင်ရန် ကြေညာချက်

၁။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအား မန္တလေးတိုင်းဒေသကြီးအစိုးရ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် Mandalay Business Capital City Development ltd.,တို့သည် မန္တလေးမြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် မန္တလေးမြို့ရေကြီးရေလျှံမှုလျှော့ချနိုင်ရေးအတွက် ၂၀၁၆ ခုနှစ်တွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စာချုပ်ချုပ်ဆိုခဲ့ပြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ကို ၂၀၁၇ ခုနှစ်တွင် ခွင့်ပြုချက်ရရှိခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်း စီမံကိန်းနှင့် သက်ဆိုင်ခြင်းမရှိသောလုပ်ငန်းများ ဆောင်ရွက်ခွင့်မရှိကြောင်း ညွှန်ကြားချက်အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိ ပုံစံ(၇)ဖြင့် ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများ၏ စိုက်ပျိုးလုပ်ကိုင်ခွင့်များကို မြေ(၁)ဧကလျှင် ကျပ်သိန်း(၁၅၀၀)နှုန်း၊ မြေခွန်ပြေစာဖြင့် မြေနုစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများ၏ စိုက်ပျိုးလုပ်ကိုင်ခွင့်များကို မြေ(၁)ဧကလျှင် ကျပ်သိန်း(၆၀၀)နှုန်းဖြင့် သတ်မှတ်ဝယ်ယူပေးခြင်းနည်းလမ်းနှင့်လည်းကောင်း၊ စီမံကိန်းဧရိယာအတွင်း မြို့မြေကွက်များဖြင့် စီမံကိန်းစာချုပ်ပါအတိုင်း လဲလှယ်ပေးခြင်းနည်းလမ်းနှင့်လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ အဆိုပါနည်းလမ်းများနှင့် ဆောင်ရွက်ခဲ့ရာ စီမံကိန်းဧရိယာ၏ (၇၅ ရာခိုင်နှုန်း)ကျော် ဆောင်ရွက်ပြီးမြောက်ခဲ့ပြီးဖြစ်ပါသည်။

၃။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်း စိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများအနက် အကြောင်းအမျိုးမျိုးတို့ကြောင့် လာရောက်ရောင်းချခြင်း၊ စီမံကိန်းတွင် ပေါ်ထွက်လာမည့် မြို့မြေကွက်များနှင့် စီမံကိန်းစာချုပ်ပါအတိုင်း လာရောက်လဲလှယ်ခြင်း၊ ဆောင်ရွက်ရန် ကျန်ရှိနေသူများအား မိမိတို့၏ စိုက်ပျိုးလုပ်ကိုင်ခွင့်များအတွက် ပြန်လည်ရရှိမည့် ငွေကြေး(သို့မဟုတ်)စီမံကိန်းမြို့မြေကွက်များ လာရောက်ရယူနိုင်ရန် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အထောက်အကူပြုကော်မတီက (၁၅-၉-၂၀၂၃)ရက်နေ့တွင် ရက်ပေါင်း(၆၀) ပထမအကြိမ်အဖြစ်လည်းကောင်း၊ (၁၈-၁-၂၀၂၄)ရက်နေ့တွင် ရက်ပေါင်း(၃၀) ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ သတင်းစာများတွင် ကြေညာပေးခြင်း၊ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးရုံးများတွင် ကြေညာချက်ဗီနိုင်းများကပ်ပြီး အသိပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

၄။ ထို့အပြင် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အထောက်အကူပြုကော်မတီမှ (၃၁-၁၂-၂၀၂၃)ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့သည့် မြေယာဝယ်ယူရေးနှင့် မြို့မြေစလစ်လဲလှယ်ရေးဆပ်ကော်မတီအနေဖြင့် စီမံကိန်းဧရိယာအတွင်းရှိ ပုံစံ(၇)ဖြင့် ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများနှင့် မြေခွန်ပြေစာဖြင့် မြေနုစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများ၏မြေယာများ လာရောက်ရောင်းချရန် ကျန်ရှိသူများ၊ မြို့မြေကွက်လဲလှယ်ရန်ကျန်ရှိသူများအား (၁၁-၄-၂၀၂၄)ရက်နေ့မှ (၁၃-၇-၂၀၂၄)ရက်နေ့အတွင်း (ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ)(၆)ကြိမ် ခေါ်ယူတွေ့ဆုံခဲ့ပြီးဖြစ်ပါသည်။

၅။ ယခုအခါတွင် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိပြီး စီမံကိန်းသို့ လာရောက်ရောင်းချရန် (သို့မဟုတ်)မြို့မြေကွက်များနှင့် လာရောက်လဲလှယ်ရန် ကျန်ရှိနေသည့်ကွင်းအမှတ်(၆၀၃၊ ၆၀၄၊ ၆၀၅-က၊ ၆၀၅၊ ၆၀၆-က၊ ၆၀၆၊ ၆၀၇၊ ၆၀၈၊ ၆၀၉၊ ၆၁၁ (ရွှေကြက်ယက်))အတွင်းရှိ ပုံစံ(၇)ရှိသော ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့်နှင့် မြေခွန်ပြေစာဖြင့် မြေနုစိုက်ပျိုးခွင့်ရရှိထားခဲ့သော မြေနေရာ(၈၀၅ ဒသမ ၃၂)ဧက၏ စိုက်ပျိုးလုပ်ကိုင်ခွင့်များကို ပယ်ဖျက်ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၆။ စိုက်ပျိုးလုပ်ကိုင်ခွင့်ပယ်ဖျက်ရုပ်သိမ်းမည့် ကွင်းအမှတ်(၆၀၃၊ ၆၀၄၊ ၆၀၅-က၊ ၆၀၅၊ ၆၀၆-က၊ ၆၀၆၊ ၆၀၇၊ ၆၀၈၊ ၆၀၉၊ ၆၁၁ (ရွှေကြက်ယက်))အတွင်းရှိ (၈၀၅ ဒသမ ၃၂)ဧကတွင်ပါဝင်သော စိုက်ပျိုးလုပ်ကိုင်ခွင့် အထောက်အထားရှိသူများအနေနှင့် မိမိတို့၏စိုက်ပျိုးလုပ်ကိုင်ခွင့် စာရွက်စာတမ်းမူရင်းများဖြင့် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အထောက်အကူပြုကော်မတီတွင် (၁၈-၁၁-၂၀၂၄)ရက်နေ့ နောက်ဆုံးထားပြီး သတ်မှတ်နှုန်းထား ငွေကြေးသော်လည်းကောင်း၊ စီမံကိန်းစာချုပ်ပါအတိုင်း စီမံကိန်းမှ ပေါ်ထွက်လာမည့် မြို့မြေကွက်သော်လည်းကောင်း ရယူ/ထုတ်ယူနိုင်ရန် အသိပေးအပ်ပါသည်။

၇။ နောက်ဆုံးဆက်သွယ်ဆောင်ရွက်ရမည့် သတ်မှတ်ရက်ကျော်လွန်ပါက အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အထောက်အကူပြုကော်မတီက လိုအပ်သလို ဆက်လက်စီမံခန့်ခွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အတွင်းရေးမှူး**
**အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အထောက်အကူပြုကော်မတီ**

**ဆက်သွယ်ရန်-**
- **ခရိုင်အုပ်ချုပ်ရေးမှူး၊ အမရပူရခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
  **ဖုန်း ၀၉-၂၀၀၉၅၅၆**
- **အတွင်းရေးမှူး၊ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အထောက်အကူပြုကော်မတီ**
  **ဖုန်း ၀၉-၄၂၈၀၀၁၄၅၄**
- **အဖွဲ့ဝင်၊ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အထောက်အကူပြုကော်မတီ**
  **ဖုန်း ၀၉-၉၆၉၉၈၈၀၀၁၁၊ ၀၉-၉၆၉၉၈၈၈၉၇**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ ဒုတိယဝန်ကြီးချုပ်များ ဦးဆောင်သည့် ပြည်ထောင်စုဝန်ကြီးများနှင့် တွေ့ဆုံ၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး










နေပြည်တော် နိုဝင်ဘာ ၁၄

ပုသိမ်မြို့ ချောင်းသာကမ်းခြေ၌ ရောက်ရှိနေကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ် အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ချောင်းသာကမ်းခြေ၌ လှည့်လည်ကြည့်ရှု အနားယူအပန်းဖြေကြပြီး ချောင်းသာမြို့အဝင်၌ ရုရှား-မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ခရေပင်ကို မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး H.E.Mr.Iskander Azizov နှင့်အတူ စိုက်ပျိုးပေးကြသည်။

### ကြိုဆိုနှုတ်ဆက်

ဘူရားတီးရားပြည်နယ်အကြီးအကဲနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပုသိမ်လေဆိပ်မှတစ်ဆင့် နေပြည်တော်သို့ လေကြောင်းခရီးဖြင့်ရောက်ရှိကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ကျောင်းသားကျောင်းသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်တို့ ဦးဆောင်သော ပြည်ထောင်စု ဝန်ကြီးများသည် ဘူရားတီးရားပြည်နယ် အကြီးအကဲနှင့်အဖွဲ့အား နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား လေကြောင်းခရီး သွားလာမှုနှင့် ပြည်သူအချင်းချင်း ဆက်ဆံမှု တိုးမြှင့်ရေးအပါအဝင် ဘဏ်လုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှု၊ သာသနာရေးနှင့် ယဉ်ကျေးမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ စက်မှု၊ စီးပွားရေး၊ ကျန်းမာရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် ပညာရေးစသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နေမှုများနှင့် အနာဂတ်တွင်ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာများကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးချုပ်များနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဌာနများမှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ သံအမတ်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

### ညစာဖြင့်တည်ခင်းဧည့်ခံ

ညပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဘူရားတီးရားပြည်နယ်အကြီးအကဲနှင့် အဖွဲ့အား Aureum Palace Hotel ၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် ဘူရားတီးရားပြည်နယ်အကြီးအကဲနှင့်အဖွဲ့သည် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်၍ အလှူငွေများ လှူဒါန်းကြကာ ရတနာဆင်ဖြူတော်အဆောင်ရှိ ဆင်ဖြူတော်များကို အာဟာရဖြည့်စွက်စာများကျွေးမွေးခဲ့ကြသည်။

သတင်းစဉ်

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် နိုဝင်ဘာ ၁၄

| | | |
|---|---|---|
| ဟားခါး | ၆ ဒသမ ၂ | ဒီဂရီဆဲလ်ဆီးယပ် |
| ပြင်ဦးလွင် | ၉ ဒသမ ၂ | ဒီဂရီဆဲလ်ဆီးယပ် |
| ဟဲဟိုး | ၁၀ ဒသမ ၀ | ဒီဂရီဆဲလ်ဆီးယပ် |
| တီးတိန် | ၁၀ ဒသမ ၃ | ဒီဂရီဆဲလ်ဆီးယပ် |
| လွိုင်လင် | ၁၀ ဒသမ ၆ | ဒီဂရီဆဲလ်ဆီးယပ် |
| မြစ်ကြီးနား | ၁၂ ဒသမ ၀ | ဒီဂရီဆဲလ်ဆီးယပ် |
| မိုင်းယန်း | ၁၂ ဒသမ ၀ | ဒီဂရီဆဲလ်ဆီးယပ် |

## နည်းပြ ရာနီရေးရီ ရိုးမားအသင်းအား ယခုနှစ်ရာသီကုန်အထိ ကိုင်တွယ်သွားမည်

တူရင် နိုဝင်ဘာ ၁၄

ဝါရင့်နည်းပြ ရာနီရေးရီသည် ရိုးမားအသင်းအား ယခုနှစ်ရာသီကုန်အထိ ကိုင်တွယ်သွားမည်ဖြစ်သည်။ ရိုးမားအသင်းသည် ပြီးခဲ့သည့် နိုဝင်ဘာ ၁၀ရက်က အိုင်ဗန်ဂျူရစ်အား နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ပြီးနောက် ရာနီရေးရီအား နည်းပြသစ်အဖြစ် ရာသီကုန်အထိ ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။



နည်းပြ ရာနီရေးရီသည် နည်းပြဘဝတစ်လျှောက်တွင် နာပိုလီ၊ ဂျူဗင်တပ်၊ ဆမ်ဒိုးရီးယား၊ ဂျူဗင်တပ်၊ အင်တာမီလန်၊ ဖီအိုရင်တီးနား၊ ပါးမား၊ အက်သလက်တီကိုမက်ဒရစ်၊ ဗလင်စီယာ စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာလည်း ကိုင်တွယ်ခဲ့ဖူးသလို ရိုးမားအသင်းအားလည်း (၂)ကြိမ် (၂၀၀၉ မှ ၂၀၁၁ အထိ တစ်ကြိမ်၊ ၂၀၁၉ ခုနှစ်တွင်း တစ်ကြိမ်) ကိုင်တွယ်ခဲ့ဖူးသည်။

နည်းပြ ရာနီရေးရီသည် အသင်းအား ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ခြင်းကြောင့် ရိုးမားအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ ရိုးမားအသင်းသည် ယခုနှစ်ဘောလုံးရာသီ စီးရီးအေပွဲစဉ် ၁၂ ပွဲကစားအပြီးတွင် ရမှတ် ၁၃ မှတ်ဖြင့် အဆင့် ၁၂ နေရာတွင် ရပ်တည်ပြီး ရလဒ်များ ဆိုးရွားလျက်ရှိပြီး နည်းပြ ရာနီရေးရီ အနေဖြင့် ရလဒ်ကောင်းများ ပြန်လည်ရရှိအောင် စွမ်းဆောင်သွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။ (NGB)